မြန်မာ့အလင်း
၁၂၈၅ ခုနှစ်ကတည်ထောင်သည်။
Established 1914
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

## အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းအတွင်း ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

## ကိုယ်စားလှယ်များစိတ်အေးချမ်းသာစွာ ညီလာခံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စားသောက်နေထိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လိုလေသေးမရှိအောင်စီစဉ်

ရန်ကုန် အောက်တိုဘာ ၃

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂ရက် နံနက်ပိုင်းက ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**တာဝန်ရှိသူများကြိုဆို**

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ

*စာမျက်နှာ ၃ ကော်လံ ၁* ■



**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

**NLD ပါတီမှာ ထိုအခြေအနေမျိုး လုံးဝမရှိသေးသောကြောင့် တည်ဆဲအစိုးရထံမှ ထပ်မံ Compromise လုပ်မှုကို မျှော်လင့်၍ မရနိုင်ပေ။ NLD သည် ယခုအချိန်ထိ ထိပ်တိုက်ရင်ဆိုင်ရေး၊ ပြည်ပအားကိုးရေး လမ်းစဉ်နှစ်ရပ်ကိုကိုင်စွဲပြီး အမျိုးသားနိုင်ငံရေးကို ငြင်းပယ်နေဆဲဖြစ်သည်။ ဤလမ်းစဉ် နှစ်ရပ်ကြောင့်လည်း ကိုယ့်ကိုယ်ကိုပတ် အုတ်တံတိုင်းခတ်မိပြီး ထွက်ပေါက်မရ ဖြစ်နေရသည်။ NLD ၏ ထိုလမ်းစဉ်နှစ်ရပ်သည် ကိုယ့်ရှုံးကိုယ်ပတ် ခတ်မိနေသည့်အုတ်တံတိုင်း၊ ထိုအုတ်တံတိုင်းကို ဖျက်ပြီးထွက်မှသာလျှင် ကိုယ်တိုင်ဖန်တီးထားသော အကျပ်အတည်းမှ လွတ်မြောက်နိုင်မည်။ ထို့ကြောင့် ယနေ့ NLD ပါတီ၏ အရေးကြီးဆုံးသောလုပ်ငန်းမှာ ဒီမိုကရေစီနှင့် ပြည်သူကိုကယ်တင်ရေးမဟုတ်။ "လက်ရှိအကျပ်အတည်းမှ လွတ်မြောက်ရေး"၊ တစ်နည်းအားဖြင့် "မိမိကိုယ်မိမိ ကယ်တင်ရေး" သာဖြစ်သည်။ မိမိကိုယ်ကိုပင် ကယ်တင်နိုင်ခြင်းမရှိပါက တစ်ပါးသူကိုလည်း မည်သို့မျှ ကယ်တင်နိုင်လိမ့်မည်မဟုတ်ပေ။**

မောင်စေတနာ (B.A., B.Ed) ၏ NLD အတွက် တစ်ခုတည်းသောထွက်ရပ်လမ်း ဆောင်းပါး (စာ – ၈၊ ၉ နှင့် ၁၀)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

# အမျိုးသားရေးမျှော်မှန်းချက်အောင်မြင်ရေး ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်

ယနေ့ အခြေအနေတွင် နိုင်ငံတော်သည် လွတ်လပ်ရေးရပြီးခေတ် ဖြတ်သန်းခဲ့ရသည့် သမိုင်းကာလ တစ်လျှောက်၌ အတည်ငြိမ်ဆုံး၊ အအေးချမ်းဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး ကာလကို ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာလာမှုတို့၏ အကျိုးဆက် စွမ်းအားကောင်းများကြောင့် အမျိုးသား ညီလာခံကြီးက အစပြုသည့် ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိဖြင့် ဆက်လက် လျှောက်လှမ်းနေသည်။

အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်းဖော်ဆောင်မှု အရပ်ရပ်သည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေး အတွက် လမ်းခင်းပေးနေခြင်းဖြစ်သည်။

ယင်းသို့ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် အဖျက်သမားများကလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရေး၊ ဆူပူအုံကြွမှုဖြစ်ပေါ်လာစေရေး အဖျက်အမှောင့်လုပ်ငန်းများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက် လုပ်ငန်းများကိုပါမကျန် တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။

တည်ဆဲအစိုးရ ပြုတ်ကျရေးသက်သက်အတွက် ပြည်သူလူထုကို လမ်းမပေါ်ရောက်အောင် လှုံ့ဆော်ဆူပူမှုများဖန်တီးကြသည့် လုပ်ရပ်များသည် ပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှု၊ အာဃာတ ကြီးမားမှုများကို ဖြစ်ပေါ်စေပြီး တိုင်းပြည်အတွက် မတည်မငြိမ်ဖြစ်မှု၊ ဆုတ်ယုတ်ယိုယွင်းမှု ဆိုးကျိုးများကိုသာ ဖြစ်စေမည် ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ အလယ်တွင် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများ၏ အသိအမြင် နိုးကြားခိုင်မာလာစေရန်၊ နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်သည့် စွမ်းရည်နှင့် စိတ်ဓာတ်ပြည့်ဝစေရန်၊ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် နိုင်ငံတကာဖြစ်စဉ်တွင် မိမိနိုင်ငံနှင့်လူမျိုး ယှဉ်တွဲလိုက်ပါနိုင်စေရန် စွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားပြီး ဇာတိသွေးဇာတိမာန် ရှင်သန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေး တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရောဂါကြီးခြောက်ပါး ကုသနိုင်သော ပရဆေးပင်လုပ်ကွက်များ အကောင်အထည်ဖော် ပြည်နယ်၊တိုင်းအလိုက် ရှားပါးပရဆေးပင် ပြကွက်များပေါင်းစပ်ညှိနှိုင်း

နေပြည်တော် အောက်တိုဘာ ၃

**နေပြည်တော်သဘာဝပရဆေးဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပရဆေးပျိုးဥယျာဉ်၊ အစည်းအဝေးခန်းမတွင်စက်တင်ဘာ၂၉ရက် နံနက်၉နာရီက ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

### ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝပရဆေး ဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနအလိုက် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝ ပရဆေးဥယျာဉ် တည်ဆောက်ရေး လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပရဆေးပျိုး ဥယျာဉ်တွင် အကျယ်အဝန်း ၁၃၅ ဧကခန့်ရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ရှေးဦးစွာ ရောဂါကြီးခြောက်ပါး ဖြစ်သော ငှက်ဖျား၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ ဆီးချိုနှင့် သွေးတိုးရောဂါများကို ကာကွယ်ကုသနိုင်သော ပရဆေးပင် လုပ်ကွက်ခြောက်ကွက်အား စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ရောဂါကြီး ခြောက်မျိုး လုပ်ကွက်အလိုက် ပရဆေးပင်စိုက်ပျိုးရေး လုပ်ငန်းကို စတင်ဆောင်ရွက်ရန်နှင့် ပြည်နယ်၊ တိုင်းအလိုက် ရှားပါးသော ပရဆေးပင် ပြကွက်များအား ဆက်လက် အကောင်အထည်ဖော်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

### လိုက်လံကြည့်ရှု

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပရဆေးဥယျာဉ် အတွင်း ရောဂါကြီးခြောက်ပါး ကာကွယ်ကုသနိုင်သော ပရဆေးပင်များ၊ လုပ်ကွက်နေရာများ၊ ပြည်နယ်၊ တိုင်း အလိုက် ရှားပါးသော ပရဆေးပင်ပြကွက်နေရာများ၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မည့်နေရာများ၊ ပရဆေးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်ချုပ်စာရင်းကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက် လမ်းကြောင်းအမှန်ပေါ်တင်ပေးနိုင်ရေး အလေးပေး ကြပ်မတ်စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

**စာရင်းစစ်ရုံး ပြည်နယ်၊တိုင်းစာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်၉ နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

### ဖော်ထုတ်တင်ပြ

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်ကအဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ နှစ်ချုပ်စာရင်းကို စစ်ဆေးသည့်အခါ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ကြစေရန်၊ လမ်းကြောင်းအမှန်ပေါ်တင်ပေးနိုင်ရေးကို အလေးပေးကြပ်မတ်စစ်ဆေးကြရန်နှင့် မှန်မှန်ကန်ကန်မျှမျှတတ စစ်ဆေးဖော်ထုတ်တင်ပြကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

### ပေးအပ်

ထို့နောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိုင်ငံတော်၏ နှစ်နာမှုကို ဖော်ထုတ်ပေးနိုင်ခဲ့သည့် စာရင်းစစ်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး ဒုတိယစာရင်းစစ်ချုပ်ဒေါ်သင်းသင်းက ပြည်နယ်၊ တိုင်း အတွင်းရှိ စာရင်းရုံး ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၅-၂၀၀၆ခု ပညာသင် နှစ်အတွက် ပညာရည်ထူးချွန်ဆုများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း စာရင်းစစ်အရာရှိများထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်၊တိုင်း စာရင်းစစ် အရာရှိများက မိမိတို့၏ ပြည်နယ်၊တိုင်းများနှင့် စပ်လျဉ်း၍ ၂၀၀၆ခုနှစ်အတွင်း ဌာနအဖွဲ့အစည်းများအား စစ်ဆေးအစီရင်ခံနိုင်မှု အခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ယခင် အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၄-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇:၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညနေပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -မော်ကွန်းတည်သည့် မြတ်လယ်တီ (၁)
- ၁၉။ English Usage
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၃)

# မဟာပဝါရဏာပြုပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ် ၆ရပ်ကွက် ဂိုဏ်းပေါင်းစုံ ၆၆ ကျောင်းမှ သံဃာတော် ၄၀၀ကျော် တို့အား သံဃမဟာပဝါရဏာပြုပွဲနှင့် မဟာထေရ်ဆရာတော်ကြီး ခုနစ်ပါးတို့ အား ပူဇော်ကန်တော့ပွဲကို (သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲ ၁နာရီတွင် အောင်ဆန်းတောရ ပရိယတ္တိ စာသင်တိုက်အတွင်း ဂန္ဓဝါစက သုံးထပ်သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ လာရောက်ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ရက် နံနက် ၁၀နာရီခွဲတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီများမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အသေးစိတ်မှာကြားသည်။

## ရှင်းလင်းပြသ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၊ ပုဂံဆောင် စားရိပ်သာနှင့် ဝန်ထမ်းများ စားရိပ်သာတို့အတွင်း ပြင်ဆင်ထားရှိမှု၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီရုံး၊ အမျိုးသမီးအိပ်ဆောင်များနှင့် အမျိုးသားအိပ်ဆောင်များအတွင်း ပြင်ဆင်ထားရှိမှု၊ စားရိပ်သာ (၁)၌ ညီလာခံကိုယ်စားလှယ်များအား နေ့စဉ်ကျွေးမွေးဧည့်ခံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ သက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချမည့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရောင်းဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်၊ မောင်ချစ်စတိုး အပ်ချုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မြန်မာ့မျက်မှန်လုပ်ငန်း၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဆက်သွယ်ရေးစခန်း၊ ပဒေသာစားသောက်ဆိုင်၊ ဒိုင်းခင်ခင် စာအုပ်မျိုးစုံ အရောင်းဆိုင်၊ TM စတိုး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ဆံသဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အားကစားခန်းမအတွင်း အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျန်းမာရေးအတွက် အားကစားပြုလုပ်ရန် ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ အမျိုးသားကိုယ်ကာယလေ့ကျင့်ခန်း၊ အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ခန်းတို့ အတွက် အားကစားပစ္စည်းများ စီစဉ် ခင်းကျင်းထားရှိမှု၊ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၊ ညီလာခံကိုယ်စားလှယ်များ လိုအပ်ပါက ဆေးဝါးကုသနိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် ညောင်နှစ်ပင် တိုက်နယ်ဆေးရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

## မှာကြား

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက အမျိုးသား ညီလာခံ ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ အမျိုးသားညီလာခံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စားသောက်နေထိုင်ရေး၊ ဖျော်ဖြေရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့်လုပ်ငန်းများကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပြန်လည်ထွက်ခွာ

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့သည် အမျိုးသားညီလာခံ ကျင်းပရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှ နေ့လယ်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)

## လှူ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူ

**ရန်ကုန် အောက်တိုဘာ ၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှူ့ဆော်ရေးမြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးမြင့်ဆောင်နှင့် ခရိုင်အလုပ် အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) လှူ့ဆော်ရေး မြေစိုက်ပိုစတာကို ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ကျောက်တံတားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ရီနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) ပြန်ကြားရေးဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် စည်းရုံးလှူ့ဆော်ရေးအဖွဲ့က လှူ့ဆော်ရေးမြေစိုက်ပိုစတာများကို ဒဂုံမြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့တွင် ဆက်လက်စိုက်ထူသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မာဒေးကားဖလားဆုရ မြန်မာဘောလုံးအသင်း၌ပါဝင်သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အားကစားသမားများအားဂုဏ်ပြု

နေပြည်တော် အောက်တိုဘာ ၃

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မာဒေးကားဖလားဆုရ မြန်မာဘောလုံးအသင်းတွင် ပါဝင်သော အားကစားသမားများနှင့် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက် ည ၇နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။**

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၏ဇနီး ဒေါ်ခင်သန်းဝင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အားကစားကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ခြင်းလုံး၊ မသန်စွမ်းအားကစားအသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား မစတင်မီ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် အောင်ပွဲရ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနက် မြန်မာ့ဘောလုံးသမိုင်းကို မော်ကွန်းသစ်ထိုးနိုင်ခဲ့သည့် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းမှ စိုးမြတ်မင်း၊ ကျော်သူရ၊ အောင်အောင်ဦး၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ ရန်ပိုင် စသည့် အားကစားသမား ခြောက်ဦးတို့ ဦးဆောင်ပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းသည် ၂၀၀၅ခုနှစ် ကွင်းဖွင့်ဖလား အမှတ်တရ ဒိုင်းပြိုင်ပွဲတွင် ပထမဆု၊ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် ဒုတိယဆု၊ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆု၊ ၂၀၀၆ ခုနှစ် ကွင်းဖွင့်ဖလား အမှတ်တရဒိုင်းပြိုင်ပွဲတွင် ပထမဆု၊ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် ဒုတိယဆုတို့ရရှိခဲ့ကြောင်း၊ အခြား အားကစားနည်းများဖြစ်သော မသန်စွမ်း အားကစား၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ခြင်းလုံးအားကစားတွေမှာထိုက်ထိုက်တန်တန်နှင့်အောင်ပွဲများ ရခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဒိုင်းဆု နှစ်နှစ်ဆက်တိုက်နှင့် ကျန်အားကစားနည်းသုံးမျိုးတွင်လည်း အောင်မြင်ရရှိမှုများ တွေ့ရသဖြင့် ထူးချွန်အားကစားသမားများအား ချီးကျူး ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊အခုလိုဂုဏ်ပြုရတဲ့အားကစားငါးမျိုးသာမက ကျန်အားကစားနည်းတွေမှာလည်း ထိုက်ထိုက်တန်တန် ဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်ကြဖို့လိုကြောင်း၊ နောင်ကာလများတွင် ယခုထက်ပိုပြီး ဆုများရရှိအောင်နှင့် ဝန်ကြီးဌာန၏ဂုဏ်ကိုမြှင့်တင်နိုင်အောင် ယင်းကမှတစ်ဆင့် နိုင်ငံဂုဏ်ကိုမြှင့်တင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မြန်မာဘောလုံးအသင်းတွင် ပါဝင်ခဲ့သော ဝန်ကြီးဌာနမှ ဘောလုံးသမားခြောက်ဦးအပါအဝင် အောင်ပွဲရ ဘောလုံးအားကစား သမားများအားလည်းကောင်း ဝန်ကြီး၏ဇနီး ဒေါ်ခင်သန်းဝင်းက အောင်ပွဲရ စားပွဲတင်တင်းနစ် အားကစားသမားများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အောင်ပွဲရ ခြင်းလုံး အားကစားသမားများအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အောင်ပွဲရ စက်ဘီးအားကစားသမားများအားလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အောင်ပွဲရ မသန်စွမ်း အားကစားသမားများအားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အောင်ပွဲရ အားကစားသမားများကိုယ်စား မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မြန်မာဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပလျက်ရှိသည့် စာအုပ်ပွဲတော်တွင် စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုနေသည်ကို စက်တင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်လေကြောင်းလိုင်းများတွင်တာဝန်ပေးရန် ငါးနှစ်အတွင်း လေယာဉ်မှူး၁၀၀၀၀ ထပ်မံလိုအပ်

ပေကျင်း အောက်တိုဘာ ၃

**တရုတ်လေကြောင်းလိုင်းများ၌ လာမည့်ငါးနှစ်အတွင်း လေယာဉ်မှူး၁၀၀၀၀ ထပ်မံလိုအပ်မည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ်တွင် လေယာဉ်မှူး ၁၈၀၀၀ အထိ လိုအပ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ မြို့ပြ အထွေထွေလေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (စီအေအေစီ)ကပြောကြားသည်။**

တရုတ်နိုင်ငံတွင် နှစ်စဉ်လေယာဉ်မှူးများလိုအပ်မှုမှာ ၁၂ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာလျက်ရှိရာ မြို့ပြလေကြောင်းများ၌ လေယာဉ်မှူးများကို ပိုမိုလေ့ကျင့်ပေးနေရကြောင်း စီအေအေစီ ဒုတိယ ညွှန်ကြားရေးမှူး ဝမ်ချန်ဆွန်က ပြောကြားသည်။

**ပြောကြား**

တရုတ်နိုင်ငံအနေဖြင့်လာမည့် ၁၀ နှစ်ကျော်ကာလတွင် နှစ်စဉ် လေယာဉ်မှူးများ လိုအပ်မှုအရေ အတွက်မှာ ၃၀၀၀ခန့် ရှိလာမည် ဖြစ်ကြောင်း လည်း တရုတ်နိုင်ငံ မြို့ပြလေကြောင်း တက္ကသိုလ်မှ အကြီးအကဲ ဇန်ကျာယွန်က ပြောကြားသည်။

**ဖြည့်ဆည်းပေး**

သို့သော် လောလောဆယ်၌ တရုတ်နိုင်ငံတွင် နှစ်စဉ် လေယာဉ်မှူး ၂၀၀၀ခန့် လေ့ကျင့်ပေးလျက်ရှိပြီး လေကြောင်း ပျံသန်းမှုများအတွက် ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါ လေယာဉ်မှူးအရေအတွက်မှာ အချိန်တိုကာလ အပိုင်းအခြား၌ပင် ဖြည့်ဆည်းမှုမပေးနိုင်ကြောင်း ၎င်းကပြောကြားသည်။

**စုဆောင်းလျက်ရှိ**

တရုတ် လေကြောင်းကုမ္ပဏီအများအပြားသည် ပြည်ပမှလေယာဉ်မှူးများကို ရှာဖွေနေကြပြီဖြစ်ရာ ရှန်ဇန်လေကြောင်းကုမ္ပဏီတစ်ခု တည်းပင် ဘရာဇီး၊ ရုရှား၊ အမေရိကန်နှင့် အခြားနိုင်ငံများမှ လေယာဉ်မှူး ၆၀ ခန့်ကို စုဆောင်းလျက်ရှိသည်ဟု ပေကျင်း ဒေးလီးသတင်းစာ၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ထိုင်းပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေး ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်သစ် ပြောကြား

**ဗန်ကောက် အောက်တိုဘာ ၃**

ထိုင်းပြည်သူများ ပျော်ရွှင်ချမ်းမြေ့မှုနှင့် စုစည်းညီညွတ်မှုရရှိစေရေး ဆောင်ရွက်ပေးသွားမည်ဟု ဂတိပြုခြင်းနှင့်အတူ ထိုင်းဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်သည့် အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်က အောက်တိုဘာ ၂ ရက်မှစ၍ ဝန်ကြီးချုပ်တာဝန်များကို စတင်ထမ်းဆောင်သည်။

**ပျော်ရွှင်မှု**

မိမိတို့အနေဖြင့် ထိုင်းပြည်သူများ၏ ကြွယ်ဝချမ်းသာမှုနှင့် ပျော်ရွှင်မှုများ တိုးတက်ရရှိအောင် ကြိုးစားပေးသွားမည်ဖြစ်သည့်အပြင် ကုန်သွယ်မှုအဆင်ပြေအောင်လည်း ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။

**ငြိမ်းချမ်းရေး**

မိမိအနေဖြင့် အစိုးရအဖွဲ့ကို ဦးဆောင်ကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကိုလည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းကြားဖြတ်ဝန်ကြီးချုပ်သစ် အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဆူဒန်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား

**ခါတွန် အောက်တိုဘာ ၃**

ဆူဒန်နိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ၂၉ ရက်က ရေဒီယိုနှင့်လျှပ်စစ်ပစ္စည်း ပေါက်ကွဲမှုတို့ကြောင့် လူလေးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

ဆူဒန်နိုင်ငံတောင်ပိုင်းမြို့တော်ဖြစ်သော ဂျူဘာမြို့တွင် ရေဒီယိုတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့ပြီးနောက် တူညီသည့် ပေါက်ကွဲမှုမျိုး ထပ်မံဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့သည်။ ပေါက်ကွဲမှုတွင် သေဆုံးသူတစ်ဦး၏ ညီဖြစ်သူက သူ၏အစ်ကိုဖြစ်သူသည် ၎င်းနှစ်သက်သည့် ရေဒီယိုလိုင်းအား နားဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျူဘာမြို့ဈေးများမှ ပေါက်ကွဲစေသည့် လျှပ်စစ်ပစ္စည်းများ ပါဝင်သည့်ရေဒီယိုအသေး၁၀လုံးနှင့် အသံသွင်း တိပ်ခွေများအား ကင်းလှည့်ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



# စက်ဘီးစီးနိုင်သည့် စက်ရုပ်

**ဂျပန်နိုင်ငံ ချီဘာမြို့တွင် ကျင်းပသည့် စက်ရုပ်ပြပွဲတွင် စက်ဘီးစီးနိုင်သည့် စက်ရုပ်တစ်ရုပ်အား အောက်တိုဘာ၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်များရုပ်သိမ်းပြီး

**ဂျေရုဆလင် အောက်တိုဘာ ၃**

လက်ဘနွန်-အစ္စရေး နယ်စပ်ရွာရာဂျာမှအပ အစ္စရေးတပ်များကို လက်ဘနွန်တောင်ပိုင်းမှ ရုပ်သိမ်းပြီးစီးသွားပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ အတည်ပြုပြောကြားလိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင် အများစုမှာ လက်ဘနွန်တောင်ပိုင်းမှ ထွက်ခွာပြီးပြီဖြစ်ကြောင်း၊ သို့သော်ရာဂျာရွာ၌ အစ္စရေးတပ်ဖွဲ့ဝင်အနည်းငယ်ကျန်နေသေးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မည်သည့်အတွက် အချို့တပ်ဖွဲ့ဝင်များကျန်ရှိနေသနည်းဟု မေးမြန်းရာတွင် အခြေအနေမှာ ရှုပ်ထွေးနေသည့်အတွက် ဖြစ်သည်ဟုဖြေကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်၌ ရှန်ဆန်းမုန်တိုင်းကြောင့် ၁၂ဦးသေဆုံး

**ဟနွိုင်း အောက်တိုဘာ ၃**

ဗီယက်နမ်အလယ်ပိုင်းတွင် အောက်တိုဘာ ၁ ရက်နံနက်ပိုင်းက ရှန်ဆန်းအမည်ရှိ မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် ဒေသခံပြည်သူ ၁၂ ဦးသေဆုံးပြီး ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ ရေကြီးမှုနှင့် မုန်တိုင်းကာကွယ်ရေးဗဟိုဌာန၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြသည်။

ဒါနန်းနှင့် ငဟေးအန်ပြည်နယ်တို့တွင် လူလေးဦးစီ သေဆုံးခဲ့ကြောင်း၊ ငဟေးအန်ရှိ အမျိုးသားလေးဦးမှာ စမ်းချောင်းနှင့် မြစ်များတွင် ငါးများလိုက်ဖမ်းရာမှ ရေနစ်သေဆုံးခဲ့ကြောင်း၊ အခြားသေဆုံးသူများမှာ အိမ်များပေါ်သို့ သစ်ပင်များ လဲကျကာပြိုကျခဲ့မှုကြောင့် သေဆုံးခဲ့ရကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်သို့ လည်းဝင်ရောက်ခဲ့ရာ ၇၆ဦးသေဆုံးပြီး ၈၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ၆၂ဦး ပျောက်ဆုံးနေကြောင်း၊ ယင်းမှာ လာအိုသို့ ဆက်လက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဗီယက်နမ်တွင် ရှန်ဆန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို အောက်တိုဘာ ၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ထိုင်းကြားဖြတ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ထိုင်းဗဟိုဘဏ် အကြီးအကဲ သဘောတူညီ

**ဗန်ကောက် အောက်တိုဘာ ၃**

ထိုင်းကြားဖြတ် ဝန်ကြီးချုပ်သစ် အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်၏ အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် မိမိသဘောတူကြောင်း ထိုင်းဗဟိုဘဏ် အကြီးအကဲ ပရီဒီယာသွန်ဒီဗာကူက ပြောကြားသည်ဟု ထိုင်းမီဒီယာများက ဖော်ပြသည်။

**သဘောတူညီ**

ထိုင်းဝန်ကြီးချုပ်သစ် အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်က ၎င်း၏အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ပြီးနောက် ထိုင်းဗဟိုဘဏ် အကြီးအကဲ ပရီဒီယာသွန်ဒီဗာကူကလည်း သဘောတူညီခဲ့ခြင်း ဖြစ်သည်။

**ရေပန်းစားခဲ့**

ထိုင်းဗဟိုဘဏ် အကြီးအကဲ ပရီဒီယာသွန်ဒီဗာကူသည် ထိုင်းစစ်ဘက် အာဏာသိမ်းအဖွဲ့၏ ကြားဖြတ်ဝန်ကြီးချုပ် ရွေးချယ်ခန့်အပ်မှု၌ ကနဦးတွင် ရေပန်းစားခဲ့သူတစ်ဦးလည်း ဖြစ်သည်။

**ဖော်ပြ**

ထိုင်းကြားဖြတ်အစိုးရအဖွဲ့တွင် မည်သည့်နေရာ၌ ပါဝင်ဆောင်ရွက်ရမည်ကို မိမိမသိသေးကြောင်းဖြင့် ပရီဒီယာသွန်ဒီဗာကူက ပြောကြားသည်ဟု သည်နေရှင်းသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**



အောက်တိုဘာ ၁ ရက်ကကျင်းပသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သနင်္ဂနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး၏ ဆွမ်းပဒေသာပင် လှူဒါန်းငွေကျပ် ၃၀၅၀၀၀ကို လက်ခံစဉ်။

(မြန်မာ့အလင်း)
(သတင်းဖော်ပြပြီး)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက် ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ကွယ်လွန်သူ ညီမဖြစ်သော ဒေါ်ခင်လေးမြင့်(ခ) ဒေါ်ခင်နုယဉ်(ရုပ်ရှင်မင်းသမီးဟောင်း)အား ရည်စူး၍ ဦးရွှေတင်၊ ဦးရွှေပိုင်၊ ဦးဘသန်း(လူမှုထူးချွန်တတိယဆင့်)ဌာနခွဲမှူးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ပဲခူးတိုင်း(အနောက်ပိုင်း)ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

**ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၃၀ ရက်တွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။**

## ဆုချီးမြှင့်

ယင်းနောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပဲခူးတိုင်း(အနောက်ပိုင်း)၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၀ တို့အား ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ဆုများကို ချီးမြှင့်ကြသည်။

## ဖတ်ကြား

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန်က သဘာပတိအဖြစ်ဆောင်ရွက်၍ တိုင်းအလုပ်အမှုဆောင်အဖွဲ့ကကဏ္ဍအလိုက် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးက အတည်ပြုခြင်းနှင့် ဆုံးဖြတ်ချက်များကို ချမှတ်သည်။

## ဖြည့်ဆည်းဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ယင်းနေ့ နံနက်ပိုင်းတွင် ပြည်မြို့ ဆံတော်ရပ်ရှိ ခေတ္တရာလူငယ်များ သာရေးနာရေး ကူညီပံ့ပိုးမှုအသင်း၏ "ပီတိ"အခမဲ့ ဆေးကုခန်းသို့ သွားရောက်ကြ၍ နာမကျန်းဖြစ်နေသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လည်းကောင်း၊ ရွာဘဲရပ်ရှိ အဆိုပါအသင်း၏ နာရေးကူညီစောင့်ရှောက်ပေးနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

## လှူဒါန်း

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် အောက်တိုဘာ ၁ ရက်တွင် ပြည်မြို့ သီရိခေတ္တရာဘိုးဘွားရိပ်သာ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ကြ၍ ဘိုးဘွားများအား ကန်တော့ကြပြီး တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာ ငါးခုတို့အတွက် ဆီ၊ ဆန်၊ ဆေးဝါးနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကျောက်မြောင်း တာမွေမြို့နယ် မလွှကုန်းလမ်း အမှတ် ၇၉ (၆/က)နေ မိခင် ဒေါ်အေးမေ၊ ဦးစိုးဝင်း၊ ဇနီး ဒေါ်မီမီခင်အေး၊ သား မောင်ကျော်စိုးဟန် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ရွှေဥမင်ဓမ္မသုခတောရရိပ်သာဘုံကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် အောက်တိုဘာ ၃**

မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင် စံပြကျေးရွာရှိ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ၏ (၈)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၇ ရက်(စနေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)က တရားဒေသနာများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**



# တာချီလိတ်မြို့နယ်အတွင်းနယ်မြေခံတပ်ရင်းမှရှင်းလင်းချီတက်စဉ် ကာလတန်ဖိုးငွေကျပ် ၁၈၇၇၈ ဒသမ ၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူ၆၇တုံးနှင့်စိတ်ကြွရူးသွပ်ဆေးပြား၅၂၀သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေသော နယ်မြေခံတပ်ရင်းမှ အရာရှိဦးစီးအဖွဲ့တစ်ဖွဲ့သည် အောက်တိုဘာ ၂ ရက် ညနေ ၅နာရီခန့်တွင် ရှေ့တန်းတပ်စခန်းများသို့ လစာပို့ပြီး တာချီ လိတ်မြို့နယ်သို့ ပြန်ဝင်ရန် လမ်းတစ်လျှောက်၌ ရှင်းလင်းချီတက်လာစဉ် အဒီးကျေးရွာအနီးသို့ အရောက်တွင် မသင်္ကာဖွယ် လူနှစ်ဦးတို့သည် ၎င်းတို့စီးလာသော ဆိုင်ကယ်နှစ်စီးကို ရုတ်တရက်ရပ်တန့်ပြီး လမ်းဘေးတောထဲသို့ ဝင်ရောက်ထွက်ပြေးသွားသည်ကို တွေ့ရှိသဖြင့် လိုက်လံရှင်းလင်းခဲ့သည်။

## သိမ်းဆည်းရမိ

ထိုလူနှစ်ဦးသည် အနီးရှိရေချောင်းကိုဖြတ်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးလွတ်မြောက်သွားသော်လည်း ပြေးရင်းလွှားရင်း ချုံပုတ်အတွင်း၌ ၎င်းတို့ဖုက်ထားခဲ့သည့် ဆာလာအိတ်တစ်လုံးကို ရှာဖွေတွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဆန်ဖြင့်ရောနှော၍ ထုပ်ထားသည့် ဘိန်းဖြူဘလောက်တုံး၆၇တုံးနှင့် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား၅၂၀တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ နယ်မြေခံတပ်ရင်းမှအရာရှိဦးစီးအဖွဲ့သည် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆိုင်ကယ်နှစ်စီးတို့ကို ထိုနေ့ည ၈နာရီတွင် တာချီလိတ်မြို့ရှိ မူးယစ်အထူးတပ်ဖွဲ့သို့ လာရောက် လွှဲပြောင်းအပ်နှံခဲ့ရာ ဘိန်းဖြူဘလောက်တုံး၆၇တုံးသည် အလေးချိန်၂၃ဒသမ ၄၅ကီလိုရှိပြီး ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၁၈၇၆၀ဖြစ်ကြောင်းနှင့် WYစာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား၅၂၀၏ ကာလတန်ဖိုးမှာ ငွေကျပ် ၁၈ဒသမ၂သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၃**

ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၉ အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအတွင်း ဒလ-အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ခန္ဓာဥာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားများ ဟောပြောပို့ချမည်ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီမှ စ၍ ၂၉ ရက် နံနက် ၆ နာရီအထိ ၁၅ ညတိုင်တိုင် အားထုတ်မည့် မြေဇင်းတောရတရားစခန်းကို မြေဇင်းသမထ-ယာနိကတရားပြဆရာတော်များက ဟောကြားပြသမည် ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# အစားကြီးသူစိတ်နှင့်မူးယစ်ဆေးဝါးသုံးစွဲသူစိတ်တူညီနေ

အစားကြီးသူသည် မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦး မူးယစ်ဆေးဝါးအပေါ် စွဲလမ်းစိတ်ဖြစ်သကဲ့သို့ အစားများများစားရမှုအပေါ် ခုံမင်မက်မောနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

## ထိန်းချုပ်မှုစွမ်းအား

ကိုယ်ခန္ဓာအလေးချိန်တိုးမြင့်လာမှုကို မထိန်းနိုင်ဘဲ အစားအစာများကို များများစားလိုမှုအပေါ် ခုံမင်မှုသည် အစာစားစဉ် ဦးနှောက်မှ ထိန်းချုပ်နိုင်မှုစွမ်းအား နည်းပါးခြင်းကြောင့် ဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။

## သာမန်ထက်ပို

ထိုလူများသည် အစာစားရန် ဆန္ဒဖြစ်ပေါ်လာသည့်အခါ မည်သို့မျှ ဖြေဖျောက်နိုင်စွမ်း မရှိကြကြောင်း၊ အစာစားသည့်အခါတွင်လည်း သာမန်ထက်ပိုမိုစားသောက်ခြင်းကိုလည်း ဦးနှောက်က မဟန့်တား မထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု အမေရိကန်သုတေသနပညာရှင်ဒေါက်တာဂျိမ်းဂျက်ဝမ်က ပြောကြားသည်။

## တူညီနေ

အစာကို အတောမသတ်နိုင်အောင် စားချင်သောဆန္ဒမှာ ဦးနှောက်မှ ရုတ်တရက် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦး မူးယစ်ဆေးဝါးသုံးစွဲလိုစိတ် ဆန္ဒရှိနေပုံနှင့် တူညီနေသည်ဟု ဒေါက်တာဂျိမ်းဂျက်ဝမ်က ဆက်လက်ပြောကြားသည်။

**(ကိုးကား-အင်တာနက်)**



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# ပညာရေးကဏ္ဍတာဝန်ဝတ္တရားများ ထုထည်ပမာဏ ပိုမိုကျယ်ပြန့်ပြီး နက်ရှိုင်းလေးနက် သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်ကာလနှင့်အညီ တိုးတက်ဖြစ်ထွန်းနေစေရေး ပညာရေးကဏ္ဍကိုအခြေခံ၍ ပြည်သူတစ်ရပ်လုံး၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**

## တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ အခြေအနေ အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်စေရန်နှင့် နိုင်ငံတော်၏ အနာဂတ်သည် အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်တည်နေစေရေးအတွက် ပညာရပ်ဆိုင်ရာ အပိုင်းက ထိထိရောက်ရောက် အထောက်အကူပြုပေးနိုင်ရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍစုံသည် ပညာရှင်အသီးသီး၏ ကြိုးစားအားထုတ်မှုများဖြင့် ရည်မှန်းချက်များနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်နေစေရမည်ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

တစ်ဖက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သတ္တု စသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၊ စီးပွားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စီမံခန့်ခွဲရေး စသည့် ဝန်ဆောင်မှုကဏ္ဍများတွင် ဆိုင်ရာဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များသည် ခေတ်ကာလနှင့်အညီ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးရေးကို လက်တွေ့ကြိုးပမ်းဖော်ဆောင်နေကြသည့် ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားစေရန် အတွက် ပညာရေးကဏ္ဍကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဤအမျိုးသားရေးလိုအပ်ချက်များ ပြည့်စုံလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် **"တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး"**နှင့် **"အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေး"**ဆိုသည့် မြင့်မားသော ပညာရေးမျှော်မှန်းချက်များကို ချမှတ်ပြီး အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများကို ရည်မှန်းချက်ရှိရှိဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

## ခိုင်ခိုင်မြဲမြဲခံယူထား

ထို့ကြောင့် ယနေ့ ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများသည် ထုထည်ပမာဏ ပိုမိုကြီးမားကျယ်ပြန့်လာလျက်ရှိသကဲ့သို့ အနှစ်သာရအားဖြင့် များစွာသိမ်မွေ့နက်ရှိုင်း လေးနက်လျက်ရှိသည်ဆိုသည်ကို ပညာရှင်များဖြစ်ကြသည့် ဆရာ ဆရာမများအားလုံးက ခိုင်ခိုင်မြဲမြဲခံယူထားကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း။ ဤခံယူချက်နှင့်အညီ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ စွမ်းအားဖြင့် ထိထိရောက်ရောက် ထောက်ကူပေးနိုင်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ ပြည်သူများ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး ဘက်စုံ ကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပေါ်ပင်ကျပန်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍစုံတွင် အမျိုးသားစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများလည်း ယနေ့ စတင်မြင်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

## အချိန်ကောင်း အခါကောင်း

ထို့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာလာမှုတို့၏ အကျိုးဆက်စွမ်းအားကောင်းများကြောင့် အမျိုးသားညီလာခံကြီးက အစပြုသည့် ဒီမိုကရေစီတည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိဖြင့် အချိန်မှန်မှန် ဆက်လက်လျှောက်လှမ်းနိုင်နေသည့်အချိန်ကောင်း အခါကောင်းကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးလမ်းတစ်လျှောက်တွင် ယနေ့ဖြစ်ထွန်းနေသည့် အစဉ်အလာကောင်းနှင့်အညီ ပြည်တွင်း၌ရှိသည့် မိမိတို့ပြည်သူများ၏ စွမ်းအားကိုသာ အခြေပြုပြီး ခိုင်ခိုင်မြဲမြဲ ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်ကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ် ပြည့်စုံခိုင်မာရေး၊ နိုင်ငံတကာ့အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးတို့အတွက် ပြည်တွင်းပြည်ပ စွက်ဖက်နှောင့်ယှက်ဟန့်တားမှု အဖျက်အမှောင့်အဖုံဖုံကို ရင်ဆိုင်တိုက်ဖျက် ကျော်လွှားရင်း ပြည်သူများ၏အားကို အခြေပြုပြီး မိမိနိုင်ငံ မိမိတည်ဆောက်ကာကွယ်နေရသည့် အချိန်အခါတွင် ဆရာ ဆရာမများအပါအဝင် ပြည်သူများအားလုံးက မိမိတို့နှင့်မသက်ဆိုင်သလို လျစ်လျူရှုမနေကြဘဲ မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

## အင်နှင့်အားနှင့်ပေါ်ထွန်း

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ရည်မှန်းပြီး ပြည်သူများ၏ အမျိုးသားရေး အသိအမြင် နိုးကြားခိုင်မာလာစေရန် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို အခါမလပ် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်သည့် စွမ်းရည်နှင့် စိတ်ဓာတ်ပြည့်ဝကြစေရန်၊ အရှိန်အဟုန်နှင့် တိုးတက်ပြောင်းလဲနေသည့် နိုင်ငံတကာဖြစ်စဉ်ကြီးတွင် မိမိတို့နိုင်ငံနှင့် လူမျိုး ယှဉ်တွဲလိုက်ပါနိုင်စေရန် စွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားပြီး ဇာတိသွေးဇာတိမာန် ရှင်သန်ထက်မြက်သော အသိပညာရှင်၊အတတ်ပညာရှင်များ အင်နှင့်အားနှင့် ပေါ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍမှ တစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာနှင့် ယှဉ်တွဲရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရန် အမျိုးသားပညာရည်မြင့်မားမှုကိုအခြေခံပြီး ကြိုးပမ်း တည်ဆောက်ပေးကြပါ။**
- **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ် အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ** ဟု

တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ တက္ကသိုလ် ကောလိပ်များမှ ဆရာ ဆရာမ စုစုပေါင်း ၈၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**






**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# တန်ဖိုးရှိလှလူငယ်ဘဝ စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)ရေးသားသော တန်ဖိုးရှိလှလူငယ်ဘဝ စာအုပ်ကို ထုတ်ဝေလိုက်သည်။ **(ယာပုံ)**




တန်ဖိုးရှိလှ လူငယ်ဘဝ စာအုပ်သည် လူငယ်များအတွက် ခွန်အားဖြည့် ရသစာစုများ ဆောင်းပါး ၂၁ ပုဒ်ကို စုစည်းတင်ပြထားသည်။ စာရေးသူ၏ အမှာစာတွင် နိုင်ငံအဝန်းရှိ လူငယ်များ အသိအမြင်၊ ဗဟုသုတကြွယ်ဝပြီး အနာဂတ်ကိုဖန်ဆင်းမည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် လူငယ်များ အကျိုးရှိမည့် ဆောင်းပါးများကို ရေးသားတင်ပြထားကြောင်း ဖော်ပြထားပြီး တစ်အုပ် ငွေကျပ် ၈၀၀ နှုန်းဖြင့် ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၂)မှ သင်တန်းသူ ၃၀၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၃)မှ သင်တန်းသူ ၃၁ ဦး၊ ယဉ်ကျေးမှု နည်းပြမွမ်းမံသင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသူ ၁၆ ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၄)မှ သင်တန်းသူ ၅၉ ဦး၊ စာရေးဝန်ထမ်း အမှတ်စဉ်(၄၅)မှ သင်တန်းသူ ၂၄ ဦးနှင့် ဝန်ထမ်းမိသားစုများ အပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ တိုင်းရင်းသူ အင်အားစုစုပေါင်း ၂၃၃ ဦးတို့ တက်ရောက်ကြသည်။

## ဟောပြော

အသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် ဒဂုံတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်အေးအေးငွန်က "ချင်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကြောင်း သိကောင်းစရာ"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပန်းအလှပြင်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် ပန်းအလှပြင်သင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် သင်တန်းသူ ၂၇ဦး တက်ရောက်ကြသည်။ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းနည်းပြ ဒေါ်နေနေနိုင်အား ဂုဏ်ပြုလက်ဆောင်နှင့် သင်တန်းသူကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသူများက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနသို့ ငွေကျပ် ၁၁၄၀၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက လက်ခံပြီး သင်တန်းသူများ၏ လက်တွေ့သရုပ်ပြ ပန်းအလှပြင်ခြင်းကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် ပန်းအလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း သင်တန်းသူကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

# မြတ်ဆရာ

* တပည့်များကို မြဲလိုစောင့်ရှောက်ကာ
ကြောင့်ကြပူနေ မျှဝေခံစားသူ
ချိန်ခါမဟူ ဘယ်သူ့ဘယ်သူကို
ငြင်းဆိုမပြု လျစ်လျူမရှုသူ၊
အပြုသဘော မြည်တွန်သောအမူ
ရံခါပြုငြား တပည့်များဘက်မှာ
ရပ်တည်ကာကွယ် နှစ်သက်ဖွယ်ရာမြတ်ဆရာ။
* တပည့်ကိုပင် စဉ်မြဲဂရုပြု
ဝမ်းမြောက်မှုကို ပမာပြုထားသူ၊
ဆိုးရွားဘယ်ခါ မရှိပါလေဘဲ
ဝမ်းထဲမသို ဟုတ်တိုင်းဆိုတတ်သူ၊
ကျိုးလိုစိတ်မှာ မေ့တတ်ပါသော်လည်း
ကောင်းရာမျှော်မှန်း ဖူးပွင့်လန်းစေရာ
ခါခါမျှော်သည် ကူညီတတ်စွာ မြတ်ဆရာ။
* အနီးနားမှာ ရှိနေပါသော်လည်း
စဉ်မြဲရှားပါး တန်ဖိုးထားရသူ၊
ဘယ်ခါများမှာ ဝေးစွာမနေဘဲ
ခွာသွေအခြား ပျောက်ကွယ်မသွားသူ၊
ကြောင့်ကြပူပန် ရံခါဖြစ်သော်လည်း
စိတ်ထဲကြည်ညို ရှိသေလေးမြတ်သည့်
တပည့်ကိုခင် အကြင်နာကြီးစွာမြတ်ဆရာ။
* အမြဲသွက်လက် တက်ကြွလှုပ်ရှားကာ
မှတ်သားလိုက်နာ ပညာပေးဝေသူ၊
ရန်ဖွေမပြု ဘယ်သူ့ကိုမဆို
နှစ်လိုပွားစီး မဖျက်ဆီးရှာသူ၊
တစ်ခါတစ်ရံ အပြုသဘောဆန်လို့
တစ်ရံတစ်ခါ အသစ်ဆန်းရှာပြီး
ဖန်တီးတီထွင် အသိဉာဏ်ရွှင်စွာ မြတ်ဆရာ။
* ဤသို့ ဤနှယ် ပေါ်ပြည့်ကြွယ်ဝသည့်
အံ့ဖွယ်ဂုဏ်ဒြပ် အထပ်ထပ်များစွာ
ပြည့်စုံပါသော အာစရိယမည်
စွမ်းရည်လည်းပြည့် မရှိမာနနှင့်
နှိမ့်ချစိတ်ဓာတ် မြင့်မြတ်ဝေဖြာ မြတ်ဆရာ။ ။

(Professor Sein Sein Myint ၏ "The Nobel Teacher" ကဗျာကို မြန်မာပြန်ဆို၍ "မြတ်ဆရာ" အပေါင်းအားဦးခိုက်ပါ၏)

**မိုးရန်နိုင်(ကျောက်ကြီး)**

# အသွင်သစ်ဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၀)ဖြန့်ချိ



**ရန်ကုန် အောက်တိုဘာ ၃**

အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၀)တွင် ရွှေနိုင်ငံလို့ခေါ်တဲ့ မြန်မာနိုင်ငံ၊ နယ်ချဲ့ကို ဓာတ်ခံပေါ်မှ ဦးစွာဆန့်ကျင်သူ ရုပ်သေးပညာရှင်များ၊ ကမ္ဘာတွင် ဒီဇယ်နှင့်ဇီဝဒီဇယ်ရောနှော အစားထိုးသုံးစွဲမှု ခေတ်စားလာ၊ ဖျော်ဖြေရေးနှင့် e-Book ပေါ်လာလျှင် စာအုပ်နှင့် သတင်းစာကျဆင်းမည်ဆိုသည့် မှန်းဆချက်များမမှန်၊ နှင်းခဲတောင် နှင်းလျှောစီးအားကစားနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများကို စိတ်ဝင်စား၊ မြတ်ခိုင်၏ ခေါင်းညိတ်ရမလား ခေါင်းခါရမလား၊ တိုင်းကျိုးပြည်ပြု အမျိုးသားစာဆိုပညာရှင်ကြီး ဆရာဇော်ဂျီ၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးခိုင်မြဲမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းမွန်၊ မြန်မာပြည်၌သာရှိသည့် မျက်မမြင်လမ်းလျှောက်ပွဲ စသည့် ဆောင်းပါးများ၊ အထူးသတင်းများပါဝင်ပြီး ကဏ္ဍစုံ၊ သတင်းစုံ၊ ဓာတ်ပုံနှင့်ဒီဇိုင်း ဝေဝေဆာဆာဖြင့် ဖော်ပြထားသည်။ **(ဝဲပုံ)**

သတင်းနှင့်စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရွှေနိုင်ငံဂျာနယ် ဖုန်း-၃၈၂၀၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကြိုဆိုနှုတ်ဆက်

**အောက်တိုဘာ ၃ ရက်က ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် ညစာ်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူး** Colonel, Lee Noe Chan **က ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဝေဇယန္တာဓမ္မရိပ်သာ စုပေါင်းဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ရွာသစ်ပိုင်းရှိ ဝေဇယန္တာဓမ္မရိပ်သာကကြီးမှူး၍ ဝေဇယန္တာဓမ္မရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များအား စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲတို့ကို အောက်တိုဘာ ၁၄ရက် နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသွင်သစ်ဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉) ဖြန့်ချိ



**ရန်ကုန် အောက်တိုဘာ ၃**

အသွင်သစ်ဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)** ယင်းဂျာနယ်တွင် သာဂဒိုး၏ ဟိုတဲပေါ်က သိန်းငါးဆယ်တန်ကြီး၊ ဟိန်းလတ်၏ စားတတ်မှ သက်ရှည်ကျန်းမာ၊ မြတ်ခိုင်၏ ဟုတ်တာလုပ်ကြစမ်းပါ၊ ကိုကို (စက်မှုတက္ကသိုလ်)၏ ကံကောင်းခြင်း၊ ကံဆိုးခြင်းနှင့် လယ်သမားကြီးပုံပြင်၊ ဝက်ခြံပျောက်ဆေး ပါဆယ်ထုပ်များထဲတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ သယ်ဆောင်နေကြ၊တစ်ခေတ်ဆန်းလာသော နယ်ကြော်ငြာများ၊ DUTCH ဆိုတဲ့ စကားဘယ်ကစ၊ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးတွေ အများကြီးရှိပါတယ်ဆိုတဲ့ မြသောင်းဝေစသည့် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းတို့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖော်ပြပါရှိသည်။

**ဆက်သွယ်နိုင်**

သတင်းနှင့်စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စိမ်းလဲ့ရွှေပြည်ဂျာနယ် ဖုန်း-၃၈၂၀၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၃ ရက်က ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညစာ်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး** H.E Mr. Lee Ju-Heum **က ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၄-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၆။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈:၂၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [သင်္ချာ] |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၀၀ | ၅။ | မြန်မာစာ မြန်မာစကား |
| ၁၇:၁၀ | ၆။ | သီချင်းကြီးပဒေသာ |
| ၁၇:၂၅ | ၇။ | **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ) |
| ၁၇:၃၀ | ၈။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၇:၄၅ | ၉။ | **၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသမီး)** |
| ၁၈:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၂။ | သုတစုံလင် ရွှေဉာဏ်ရှင် |
| ၁၉:၁၅ | ၁၃။ | **"လောကရဲ့အလှရတနာ"** ရဲအောင်၊ မေသဉ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ |
| ၁၉:၃၀ | ၁၄။ | ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ |
| ၁၉:၄၀ | ၁၅။ | ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော် |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာရုပ်ရှင် **"ပန်းမြိုင်လယ်က ဥယျာဉ်မှူး"** ကျော်ဟိန်း၊ နေအောင်၊ သင်္ဂီထွန်း (ဒါရိုက်တာ-မောင်တင်ဦး) |

# NLD အတွက် တစ်ခုတည်းသောထွက်ရပ်လမ်း

မောင်စေတနာ (B.A., B.Ed)

ကာလသုံးပါးတို့သည် ကြောင်းကျိုးဆက်နေကြ၏။ ထိုနိယာမတရားအရ အတိတ်သည် ပစ္စုပ္ပန်ကိုမွေးဖွားခဲ့၍ ပစ္စုပ္ပန်သည် အနာဂတ်ကို သန္ဓေတည်ထားသည်။ အကြောင်းတရားဖြစ်စဉ်အရ အတိတ်သည် ပစ္စုပ္ပန်၏အကြောင်းတရား၊ ပစ္စုပ္ပန်သည် အနာဂတ်၏အကြောင်း တရားဖြစ်၏။ အကျိုးတရားဖြစ်စဉ်အရ ပစ္စုပ္ပန်သည်အတိတ်၏ အကျိုးတရား၊ အနာဂတ်သည် ပစ္စုပ္ပန်၏ အကျိုးတရားများဖြစ်ကြသည်။ ဤတွင် ပစ္စုပ္ပန်သည် အတိတ်၏အကျိုးတရားလည်းဖြစ်၍ အနာဂတ်၏ အကြောင်းတရားလည်းဖြစ်သောကြောင့် ပစ္စုပ္ပန်သည် အရေးအကြီးဆုံးဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။ ကောင်းမွန်သောအနာဂတ်ကို မျှော်လင့်သည်ဆိုပါက ယခုကောင်းမှ နောင်ကောင်းကြမည်။ တစ်နည်းအားဖြင့် ပစ္စုပ္ပန်မိခင်ကောင်းမှသာလျှင် အနာဂတ်ဆိုသော သားသမီးကောင်းကို မွေးဖွားနိုင်မည်။ ပစ္စုပ္ပန်လက်တွေ့ဘဝထဲတွင် အမှန်နှင့်အမှားသည်ရှိနေ၏။ ထိုနှစ်ခုမှအမှားကိုရှောင်၍ အမှန်ကိုဆောင်နိုင်မှသာ သာယာလှပသော အနာဂတ်ကို ဖန်တီးနိုင်ကြမည်။ ၎င်းမှာ လက်တွေ့မှ သဘောတရား၊ သဘောတရားမှ လက်တွေ့ဖြစ်၏။ ပစ္စုပ္ပန်လက်တွေ့ဘဝထဲမှအမှားကို ဖယ်ရှောင်၍ အမှန်ကို သယ်ဆောင်နိုင်ရေးမှာ မှန်ကန်သောအမြင် (Clear Vision)ရှိရန် လိုအပ်လှပေသည်။

## လမ်းကြောင်းသုံးမျိုးနှင့် ဝါဒသုံးရပ်

စစ်အေးခေတ်ကာလမှ ယနေ့ထိ ကမ္ဘာတွင် နိုင်ငံရေးလမ်းကြောင်း သုံးခုနှင့် ဝါဒသုံးမျိုး ပေါ်ထွန်းခဲ့သည်။ ၎င်းတို့မှာ ဆိုရှယ်လစ်လမ်းကြောင်း(Socialist Way)နှင့် ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်လမ်းကြောင်း (Liberal Way)နှင့် လစ်ဘရယ်ဝါဒ၊သို့မဟုတ်အရင်းရှင်ဝါဒ၊ အမျိုးသားရေးလမ်းကြောင်း (National Way)နှင့် အမျိုးသားရေးဝါဒဟူ၍ ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် လစ်ဘရယ်အရင်းရှင်လမ်းကြောင်းနှင့် ဆိုရှယ်လစ်လမ်းကြောင်းများကို လျှောက်လှမ်းခဲ့ဖူးသည်။ ဤလမ်းကြောင်းများမှာ နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိခဲ့ပေ။ ယနေ့မြန်မာနိုင်ငံ၏လမ်းကြောင်းမှာ အမျိုးသားရေးလမ်းကြောင်းဖြစ်သည်။ တရုတ်နှင့် ဗီယက်နမ်တို့သည်လည်း ဤလမ်းကြောင်းအတိုင်း ချီတက်နေကြသည်။ လမ်းကြောင်းအမည်ကိုအစွဲပြု၍ အမျိုးသားရေးဝါဒဟုခေါ်ခြင်းသာဖြစ်၏။ ၎င်းမှာအများဆိုင်နာမ်(Common Noun)သာ ဖြစ်သည်။ တရုတ်နှင့်ဗီယက်နမ်တို့သည် ဤလမ်းကြောင်းကို ချီတက်ရာတွင် ကွန်မြူနစ်ဝါဒနှင့်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကို ခံယူကြသည်။ မြန်မာနိုင်ငံသည် သိပ္ပံနည်းကျ အမျိုးသားရေးဝါဒနှင့် တပ်မတော်၏ ခေါင်းဆောင်မှုကိုခံယူ၍ ဤလမ်းကြောင်းကို ချီတက်နေသည်။

## သိပ္ပံနည်းကျအမျိုးသားရေးဝါဒ

ဤဝါဒသည် အမျိုးသားစည်းလုံးညီညွတ်ရေးသာမက အမျိုးသားစီးပွားရေးနှင့် နိုင်ငံရေးတို့ကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်စေသည်။ ၎င်းသည် ဆိုရှယ်လစ်ဝါဒ၊ လစ်ဘရယ်ဝါဒတို့နှင့်လည်း မတူ၊ ခေတ်ဟောင်းအမျိုးသားရေးဝါဒများနှင့်လည်း ခြားနား၏။ ထို့ကြောင့် ၎င်းကို သိပ္ပံနည်းကျအမျိုးသားရေးဝါဒဟု ခေါ်ခြင်းဖြစ်သည်။ ဤဝါဒ၏ ထူးခြားချက်မှာ အမျိုးသားပိုင်မြေယာလမ်းစဉ် (Nationalization of Land)ဖြစ်သည်။ ခေတ်ဟောင်းအမျိုးသားရေးဝါဒများတွင် ဤမြေယာလမ်းစဉ်မျိုးမရှိချေ။ နိုင်ငံရေးဝါဒတိုင်းတွင် လမ်းစဉ်သုံးရပ်(စီးပွားရေး၊ နိုင်ငံရေး၊မြေယာ)ပါသည်။ လမ်းစဉ်သုံးရပ်တွင် မြေယာလမ်းစဉ်သည် အဓိက မောင်းနှင်အားဖြစ်သည်။ ၎င်းပေါ်မူတည်၍ စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်များ ကွဲပြားသွားကြသည်။

> **ဒေါ်စုကြည်လွှတ်ပေးရေးကို ဖောင်းပေးထားသော Compromise ဖြစ်သည်ဆိုပါကလည်း ၎င်းသည် နည်းလမ်းမှားနေသောလုပ်ဆောင်ချက်ဖြစ်၏။ ဒေါ်စုကြည်လွှတ်ပေးရေးကိစ္စမှာ ဒေါ်စုကြည်နှင့်သာဆိုင်သော သီးခြားကိစ္စဖြစ်သည်။ သူမက အမျိုးသားနိုင်ငံရေးကို လက်ခံလာပါက လွှတ်ပေးမည်သာဖြစ်၏။ ငြင်းပယ်နေပါလျှင် NLD ပါတီက Compromise လုပ်ခြင်းဖြင့်လည်း အကြောင်းထူးလာမည် မဟုတ်ပေ။**

## အမျိုးသားပိုင်မြေယာလမ်းစဉ်

ဤမြေယာလမ်းစဉ်သည် သိပ္ပံနည်းကျ အမျိုးသားရေးဝါဒ၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ ၎င်းသည် ဆိုရှယ်လစ်ဝါဒ မြေယာလမ်းစဉ် မြေယာနိုင်ငံပိုင်ပြုလုပ်ရေး(State Ownership of Land)နှင့် လစ်ဘရယ်ဝါဒ မြေယာလမ်းစဉ်မြေယာပုဂ္ဂလိကပိုင်ပြုရေး(Privatization of Land) တို့ကို ဖယ်ရှား၍ မြေယာကို အမျိုးသားပိုင်ပြုရေး(Nationalization of Land)အဖြစ်သို့ ပြောင်းလဲရေးဖြစ်သည်။ ပြောင်းလဲပုံမှာ မြေခသဘောတရား(Ground Rent Theory)အရ လူ့အဖွဲ့အစည်းအတွင်း၌ ကာလများစွာလွှမ်းမိုးနေသော တိုက်ရိုက်မြေခ (Absolute Rent )နှင့် သွယ်ဝိုက်မြေခ (Relative Rent)များကို မှန်ကန်သောနည်းလမ်းများဖြင့် လျှော့ချပစ် ရေးဖြစ်သည်။ မြေခလျှော့ချခြင်းနည်းမှာ ပြည်တွင်းပြည်ပ ဈေးကွက်များတွင် အစိုးရ၊ ပုဂ္ဂလိက၊ သမဝါယမများကို လွတ်လပ်၍ တန်းတူရည်တူရှိသော ယှဉ်ပြိုင်မှုစနစ်ကို ပီပြင်စွာဖန်တီးပေးခြင်းဖြစ်သည်။ ထိုအခြေအနေက ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ဖြစ်ပေါ်စေ၍ ဆင်းရဲချမ်းသာကွာဟချက်များကိုလည်း ကျဉ်းမြောင်းသွားစေသည်။ ဤနည်းဖြင့်ဈေးကွက်လက်ဝါးကြီးအုပ်မှုသည် ချုပ်ငြိမ်း၍ လွတ်လပ်ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်သည် ပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုအခါမြေခများလည်း လျော့ကျသွားသည်။ လျော့ကျမှုကြောင့်၊ မြေခကြောင့်ဖြစ်ပေါ်ခဲ့ရသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာပြဿနာပေါင်းစုံတို့သည်လည်း ချုပ်ငြိမ်းပျောက်ကွယ်သွားကြမည်ဖြစ်သည်။ ဤမြေယာလမ်းစဉ်ကြောင့် ဖြစ်ပေါ်လာသော အရင်းရှင်စနစ်သည် လစ်ဘရယ်အရင်းရှင်စနစ်မဟုတ်၊ သိပ္ပံနည်းကျ အရင်းရှင်စနစ်ဖြစ်သည်။ ဒို့တာဝန်အရေး(၃)ပါးနှင့် ဦးတည်ချက်(၁၂)ရပ်တို့သည် ဤဝါဒနှင့်ဤမြေယာလမ်းစဉ်တို့ကို အခြေခံလျက်ရှိနေကြသည်။ ဤဝါဒနှင့်ဤမြေယာလမ်းစဉ်ကို တပ်မတော်၏ ခေါင်းဆောင်မှုဖြင့်သာလျှင် အောင်မြင်အောင် လုပ်ဆောင်သွားနိုင်မည်ဟု ယူဆသည်။

## ရွှေပြည်အေးဝါဒ

ရွှေပြည်အေးဝါဒသမားများသည် ဖော်ပြပါအမျိုးသား နိုင်ငံရေးနှင့် အမျိုးသားရေးဝါဒကို နားမလည်ဘဲ၊ ညီညွတ်ရေးနှင့်သင့်မြတ်ရေးကို သံပြိုင်ဟစ်ကြွေးနေကြသည်။ ၎င်းမှာ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒအပေါ် အခြေခံထားသည့် စေ့စပ်ဖြန်ဖြေရေးဖြစ်သည်။ ၎င်းတို့၏ ညီညွတ်ရေးနှင့်သင့်မြတ်ရေးမှာ လမ်းကြောင်းနှစ်ခု၏ ခြားနားသော အခြေအနေများ(ဝါဒနှင့်လမ်းစဉ်များ)ကို မျက်ကွယ်ပြုပြီး သမင်နဲ့ကျား၊ မြွေနဲ့ဖားကို အတင်းအဓမ္မ ထိမ်းမြားပေးနေကြခြင်းသာဖြစ်၏။ ဤလုပ်ရပ်မှာ အမျိုးသားနိုင်ငံရေးကို သရုပ်ပျက်စေ၍ လစ်ဘရယ်ဂိုဏ်းသားများဘက်မှ အခမဲ့ရှေ့နေ လိုက်ပေးနေခြင်းသာဖြစ်၏။ ၎င်းမှာ နိုင်ငံရေးကိစ္စကို လူမှုရေးဆန်စွာ ဆေးမြီးတိုဖြင့် ကုခြင်းဖြစ်သည်။ သို့ကြောင့် ရာသီမပိုင် ဆေးမကိုင်သင့်ပေ။ နိုင်ငံရေးကိစ္စကို နိုင်ငံရေး နည်းဖြင့်သာ ဖြေရှင်းရာ၏။ နိုင်ငံရေးမှာ "ပြည်သူ့အရေး" ဖြစ်သည်။ ပုဂ္ဂိုလ်နှစ်ဦး နှစ်ဖက်တို့၏ လူမှုရေးမဟုတ်ချေ။ လူမှုရေးတွင် "အသွင်မတူ အိမ်သူမဖြစ်"ဆိုစကားရှိသည်။ ထို့ကြောင့် အသွင်မတူ အိမ်သူမဖြစ်၊ ဖြစ်ခဲ့ပါသော် စလယ်ဝင် ဖင်မမည်းခင်က ကွဲအက်ထက်ခြမ်း ဖြစ်တတ်သည်။

နိုင်ငံရေးသည် လူမှုရေးထက်များစွာ အရေးကြီး၏။ ထို့ကြောင့် အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ထိုဆိုစကားနှင့်ညီနိုင်မှ တန်ကာကျမည်။ နိုင်ငံရေးတွင် ဝါဒနှင့် လမ်းစဉ်သည် အရေးကြီး၏။ ဝါဒနှင့်လမ်းစဉ်တူက အတူတကွ လက်တွဲနိုင်သည်။ ဝါဒနှင့်လမ်းစဉ် ကွဲသော် လမ်းခွဲရမြဲ။ ဤသည်မှာ သဘာဝတရား၊ ခေါင်းမာခြင်း၊ ရက်စက်ခြင်း၊ စိမ်းကားခြင်းဟု မဆိုထိုက်ပေ။ ဆိုချေက ထိုသူသည် နိုင်ငံရေးကို နားမလည်သော နိုင်ငံရေးလုပ်စားနေသူသာဖြစ်၏။ ယခုအခါရွှေပြည်အေးဝါဒသမား၊ စားဖားကြီး၊ စားဖားသေးနှင့် ဖားလတက်တို့သည် အသံမထွက်နိုင်ကြတော့ပေ။

## သင်ပုန်းချေရေးဝါဒ

သင်ပုန်းချေရေးစကားဖြင့် "ညီညွတ်ရေး၊ သင့်မြတ်ရေး" ပြောနေသူတွေလည်း ရှိနေသည်။ **နိုင်ငံရေးမှာ သင်ပုန်းချေတမ်း ကစားပွဲမဟုတ်။ အယူဝါဒရေးဖြစ်သည်။ သင်ပုန်းချေစကားမှာ အယူဝါဒရေးကို ဘေးဖယ်ထားခြင်းဖြစ်၏။ သင်ပုန်းချေမှုမှာ အတိတ်ပြဿနာများနှင့် သာဆိုင်သည်။ ပစ္စုပ္ပန်နှင့်အနာဂတ်ရေးပါဝင်မှု မရှိပေ။ အတိတ်ကို သင်ပုန်းချေကာမျှဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ်ရေးများ ပြေလည်မှုရရှိမသွားနိုင်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ရေးဆွေးနွေးပြေလည်မှုရမှသာလျှင် ညီညွတ်ရေးနှင့် သင့်မြတ်ရေး ဖြစ်ပေါ်လာနိုင်ပေသည်။ ထိုအခါ အတိတ်ပြဿနာများသည် သဘာဝတရားအရ သင်ပုန်းကျေခြင်းအဖြစ်သို့ ဆိုက်ရောက်သွားသည်။ ထို့ကြောင့် သင်ပုန်းချေရေးနည်းလမ်းဖြင့် အမျိုးသားနိုင်ငံရေးပြဿနာများကို ဖြေရှင်း၍ မရနိုင်ပေ။** အတိတ်ကာလက သင်ပုန်းချေသမားများအားလုံး ကျရှုံးရခြင်းမှာ ဤအကြောင်းများကြောင့် ဖြစ်သည်။ အတိတ်ကာလမှ ယနေ့အထိ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံရေးပြဿနာများကို သင်ပုန်းချေနည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း သာဓကပေါင်းများစွာ ရှိခဲ့သည်။

## အကွဲအပြဲနှင့်လမ်းခွဲကြခြင်း

တစ်ချိန်သောအခါက နုတင်နှင့် ဆွေငြိမ်းတို့သည် ဖ-ဆ-ပ-လ ပါတီထဲတွင် အစ်ကိုကြီးနှင့်ညီလေးဖြစ်ခဲ့ကြသည်။ ၁၉၅၈ခုနှစ်တွင် သန့်ရှင်းနှင့်တည်မြဲကွဲခဲ့ကြသည်။ ကွဲခြင်းမှာ ဝါဒနှင့်လမ်းစဉ်ပေါ်တွင် အဓိကမဟုတ်၊ ပုဂ္ဂိုလ်ရေးနှင့် လုပ်နည်းလုပ်ဟန်ပေါ်တွင် အခြေပြု၍ ကွဲခဲ့ကြခြင်း ဖြစ်သည်။ သခင်သန်းထွန်းနှင့် သခင်စိုးတို့သည် ကွန်မြူနစ်ဝါဒနှင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ယုံကြည်သူများ ဖြစ်ကြသည်။ ၎င်းတို့ ကွဲကြခြင်းမှာ လမ်းစဉ်ပေါ်တွင် ကွဲကြခြင်းဖြစ်သည်။ ဦးနေဝင်းခေါင်းဆောင်သောလမ်းစဉ်ပါတီသည်လည်းဝါဒနှင့် လမ်းစဉ်မတူသော ပါတီ၊ ပုဂ္ဂိုလ်များနှင့် လမ်းခွဲခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့သည် မယားညီအစ်ကိုတော်စပ်ကြသည်။ သို့သော်လည်း ဝါဒ၊ လမ်းစဉ်များ မတူကြသောကြောင့် ကွဲခဲ့ကြသည်။ အထက်ပါတို့ကို သင်ပုန်းချေခြင်းနည်းလမ်းဖြင့် ဖြေရှင်း၍မရခဲ့ပေ။

## ပြဒါးတစ်လမ်း သံတစ်လမ်း

**တည်ဆဲအစိုးရနှင့် NLD တို့၏ကွဲလွဲမှုမှာ ပုဂ္ဂိုလ်ရေးနှင့် လုပ်နည်းလုပ်ဟန်ကြောင့် မဟုတ်ပေ။ တည်ဆဲအစိုးရက သိပ္ပံနည်းကျ အမျိုးသားရေးဝါဒ၊ NLD က အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒ။ ဝါဒကိုယ်စီအရ စီးပွားရေးလမ်းစဉ်၊ နိုင်ငံရေးလမ်းစဉ်၊ မြေယာလမ်းစဉ်များအားလုံး ကွဲပြားခြားနားနေကြသည်။ တည်ဆဲအစိုးရက အမျိုးသားရေးလမ်းကြောင်း(National Way)၊ NLD က အမျိုးသားရေးကို ဆန့်ကျင်သောအရင်းရှင်လမ်းကြောင်း(Liberal Way)၊ လမ်းကြောင်းနှစ်ခုသည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေကြသည်။ ဤအခြေအနေကို သင်ပုန်းချေရေးနည်းလမ်းဖြင့် ညီညွတ်ရေး၊ သင့်မြတ်ရေးဖြစ်အောင် လုပ်ဆောင်ပေးနိုင်မည် မဟုတ်ပေ။**

## Dejure ဓားမတုံး

၁၂-၇-၂၀၀၆ရက်နေ့ NLD ပါတီမှ Dejure (တရားဝင်အစိုးရဖြစ်ရေး)ကြေညာချက် ထွက်ပေါ်လာစဉ်က နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို လိုလားကြသောပြည်သူများမှာ စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့ရသော်လည်း ပြည်တွင်းပြည်ပမှ အဖျက်သမား ပုဆိန်ရိုးတစ်စုတို့မှာ အူမြူးချိုကြွ၊ ပုဆိုးခြုံထဲက လက်သီးတပြပြ ဖြစ်ကုန်ကြသည်။ ဒီတစ်ချီတွင် တည်ဆဲအစိုးရပင် ထိုင်လဲကျ၊ ဒီမိုကရေစီလည်း ရတော့မယောင်ပြောဆိုကြပြီး ဖွ၊ ဆွ၊ ချွန်၊ တွန်းလုပ်ခဲ့ကြသည်။ လက်တွေ့တွင် Dejure မှာ သကြိန်အမြောက်။ ယင်းကို ကျည်ဆန်ပါသော အမြောက်ဟု ထင်မိသူအားလုံး အဆန်ချောင်ကုန်ကြသည်။ အာဏာခွဲတမ်းရလိုရငြားမျှော်လင့်ချက်ဖြင့် ဘာညာမသိ ထောက်ခံမိသူများမှာလည်း အမှားခွဲတမ်း ကိုယ်စီရပြီး သူခိုးသေလို့ မငိုဝံ့ ပဒကုသလဇာတ်ခင်းကုန်ကြသည်။ ဒါရိုက်တာ၊ CEC နှင့် ထုတ်လုပ်သူ NLD မှာလည်း ခေါင်းမပြုဝံ့သော လိပ်ကြီးများဖြစ်ကုန်ကြသည်။ Dejure မှာလည်း အသရေတုံးသည့် ဓားမတုံးဘဝဖြစ်ရသည်။ ထို့ကြောင့် NLD ပါတီ၏ Dejure ကြေညာချက်မှာ အော်တော့ခုနစ်အိမ်ကြား ဥတော့တစ်လုံး ဆိုထုံးနှင့် ညီညွတ်ပေစွ။ ယင်းကိစ္စကို မြန်မာပြည်ဒီမိုကရေစီရေးအတွက် NLD ၏ ရာဇဝင်ပြောင်သော လုပ်ဆောင်ချက်အမှားတစ်ရပ်ဟု မှတ်တမ်းတင်ထားထိုက်ပေသည်။ NLD ပါတီသည် ဤနည်းလမ်းမျိုးဖြင့် နိုင်ငံရေးမီးရှူးမီးပန်းလွှတ်ပြီး ရိုးသားသောပါတီဝင်များကို လှည့်စားခဲ့မှုပေါင်းမှာ များလွန်းခဲ့ချေပြီ။ ပါတီဝင်ဆိုသူများသည် ဤအချက်ကို လေးနက်စွာဝေဖန်ထိုက်၏။

## အမျိုးသားသစ္စာဖောက်

**ယခုအခါ NLD ပါတီသည် Dejure ကြေညာချက်ကြောင့် ကုန်ရှုံးတစ်ခေါက်၊ လင်ကုန်ရှုံး တစ်သက်လုံးမှောက်၊ နိုင်ငံရေးရှုံးတော့ ပါတီတစ်ခုလုံးပျောက်ရမည့်ကိန်း ဆိုက်နေသည်။ ပါတီမှနုတ်ထွက်သူ ဦးရေမှာလည်း တား၍မနိုင်၊ ဆီး၍မရ။ ပါတီဝင်ဦးရေမှာလည်း စာရင်းသာရှိ၏၊ လူကားမရှိ။ ရှိသောပါတီဝင်များမှာလည်း ရုပ်သာရှိ၏၊ နာမ်ကား မရှိကြတော့။ အများစုမှာ အရှက်တရားကြောင့် ထွက်စကားမဆိုဝံ့ကြသော်လည်း စိတ်ပျက်စကားများကိုမူ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေကြသည်။ ပါတီဝင်ချင်းဆက်ဆံရေးမှာလည်း တစ်နေ့တခြားကျဲလာနေ၏။ တစ်ဦးနှင့် တစ်ဦး အမြင်မကြည်လင်မှုမျိုးစုံတို့သည်လည်း ပါတီတွင်း၌ဖြစ်ပေါ်နေသည်။ အရှက်ကြောင့် မထွက်ဘဲနေခဲ့သော် တစ်သက်လုံး အမျိုးသားသစ္စာဖောက်ဖြစ်မည်။ ရိုးသားသောပါတီဝင်များနှင့် ပြည်သူကိုလှည့်စားလို့ရနိုင်သော်လည်း အမျိုးသားနိုင်ငံရေးကို လှည့်စား၍ မရ။ လှည့်စားသူတိုင်းအား အမျိုးသားနိုင်ငံရေးက မုချဖယ်ရှားပစ်မည် ဖြစ်သည်။**

## မက်လုံးပေး၍လှည့်စားခြင်း

Dejure သည် 'ဂိုး'ပေါင်းများစွာဖြင့် ရှုံးခဲ့ပြီ။ ဒေါ်စုကြည် လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ၁၉၉၀ ရလဒ်အကောင်အထည်ဖော်ရေး၊ တောင်း၊ တိုက်ခဲ့မှုများမှာလည်း အရာမထင် အကြောင်းမထူးဖြစ်ခဲ့သည်။ ထို့ကြောင့် NLD ပါတီသည် ပါတီဝင်ထုကို လှည့်စားရန်အတွက်

**NLD ပါတီသည် အမျိုးသားညီလာခံ ပြန်လည်တက်ရောက်နိုင်ရေးအတွက် တပ်မတော်ပါဝင်ခွင့် ၂၅ရာခိုင်နှုန်းကိုသာလျှင် လက်ခံ၍ မိမိကိုင်စွဲထားသော ထိပ်တိုက်ရင်ဆိုင်ရေးနှင့် ပြည်ပအားကိုးရေးလမ်းစဉ်နှစ်ရပ်ကို စွန့်ပယ်ခြင်းမရှိပါက ထိုလုပ်ရပ်မှာ တစ်ခြမ်းဖဲ့သစ္စာသာဖြစ်၏။ ထိုနည်းလမ်းမှာ လေ့နံ့နှစ်ဖက်နင်းပြီး နိုင်ငံရေးလှေကြုံစီးခြင်းပင်ဖြစ်သည်။ ၎င်းမှာ G.C.B.A ခေတ်တွင် ၂၁ဦးတို့၏ ပူးသတ်ရေးနှင့်မှူးမတ်ဖြစ်ရေးလမ်းစဉ် ဖြစ်သည်။ ဤရည်ရွယ်ချက်မှာ တစ်စုက အမျိုးသားညီလာခံအတွင်းဝင်ရောက်၍ ကျန်တစ်စုက ပြင်ပစည်းမှနေပြီး နှစ်ဖက်ညှပ်၍ ၎င်းတို့၏ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒကို ဖော်ဆောင်ရန်ဖြစ်သည်။ သဘောရိုးဖြင့် လက်ခံမိပါက ကုလားအုတ်ကို ရှက်ဖျင်တဲအတွင်း ဝင်ခွင့်ပေးမိသလိုဖြစ်မည်။ ထို့ကြောင့် NLD ၏ Compromise သည် ထိုအခြေအနေမျိုးကို ဖန်တီးယူသော လုပ်ဆောင်ချက်မဖြစ်သင့်ပေ၊ အန္တရာယ်ပြွမ်းလှ၏။**

နောက်တစ်မျိုး အကြံအဖန်ဇာတ်လမ်းတစ်ပုဒ်ကို ပွဲထုတ်လာပြန်ချေပြီ။ ၎င်းမှာ Compromise လုပ်တော့မည်ဆိုသောစကား။ ထိုစကားမှာ ပါတီဝင်ထုကို မျှော်လင့်ချက်မက်လုံးပေးပြီး ကြိုးရှည်ရှည်ဖြင့် လှန်ထားခြင်းဖြစ်သည်။ ဗကပသည် နှစ်နှစ်အတွင်း စစ်အောင်နိုင်ရေး ကြွေးကြော်ခဲ့ဖူး၏။ ကျရှုံးသွားသောအခါ ငြိမ်းချမ်းရေးညွှန့်ပေါင်း အစိုးရလမ်းစဉ်ဖြင့် ပါတီဝင်ထုကို မျှော်လင့်ချက်မက်လုံးပေးပြီး လှည့်စားခဲ့သည်။

## Compromise အဓိပ္ပာယ်

NLD ပါတီ၏ Compromise (အလျှော့အတင်းပြုခြင်း)ဆိုသော စကားမှာ တောင်းသံ/တိုက်သံမပါသောကြောင့် Dejure ထက် နားဝင်ချို၏။ သို့သော် ၎င်းမှာ သကြားအုပ်ထားသော (Sugar Coated) ဆေးခါးကြီးသာ ဖြစ်သည်။ ထို့ကြောင့် တောင်းဟန်၊ တိုက်ဟန်ပါနေသည်။ အခြေအနေမှန်ကို မသိရှာကြသော ပါတီဝင်များနှင့် ပြည်သူများမှာ ထင်မိယောင်မှားဖြစ်ကြပြီး ဒီတစ်ခါတော့ NLD ပါတီက ပျော့/လျှော့လာနေသယောင် တွေးထင်နေကြသည်။ ဤသည်ပင် Compromise ၏ ပညာသားပါသော လှည့်ကွက်ဖြစ်သည်။ ထို့ကြောင့် Compromise အဓိပ္ပာယ်နှင့် လက်ရှိနိုင်ငံရေးအခြေအနေများကို ဓမ္မဓိဋ္ဌာန်ကျစွာ ခွဲခြမ်းစိတ်ဖြာ ကြည့်ရန်လိုသည်။

Compromise ၏ အဓိပ္ပာယ်မှာ ပြဿနာတစ်ရပ်ကို နှစ်ဖက်အလျှော့အတင်းပြုလုပ်ကြပြီး ပြေလည်အောင်ဖြေရှင်းခြင်း (settlement of a dispute by which each side give up something)ဖြစ်သည်။ ဤအဓိပ္ပာယ်အရ နှစ်ဖက်လုံးက သူလည်းလျှော့၊ ကိုယ်လည်းလျှော့သော နည်းလမ်းဖြင့် ဖြေရှင်းလိုဟန်ရှိသည်။ ၎င်းမှာ သွယ်ဝိုက်သောနည်းဖြင့် နိုင်ငံရေး ဈေးဆစ်ခြင်းဖြစ်သည်။ ထို့ကြောင့် တောင်းသံ/တိုက်သံ မပါ သော်လည်း တောင်းဟန်၊ တိုက်ဟန်ပါနေသည်ဟုဆိုခြင်းဖြစ်သည်။ အထက်ပါတို့မှာ NLD ပါတီ၏ Compromise ဆိုသော လှည့်ကွက်နှင့် အဓိပ္ပာယ်ဖြစ်သည်။

## နိုင်ငံရေးအခြေအနေမှန်

Compromise အဓိပ္ပာယ်ကိုသိပြီးပါက နိုင်ငံရေးအခြေအနေမှန်ကိုလည်းသိရန်လိုအပ်ပေသည်။ တည်ဆဲအစိုးရအနေဖြင့် Compromise လုပ်ခဲ့ပြီးသည်မှာ ကြာပြီဖြစ်၏။ ထို့ကြောင့် NLD စကားကြောင့် နောက်ထပ် တစ်ထစ်လျှော့ပြီး Compromise လုပ်ရန် အကြောင်းမရှိတော့ပေ။ တည်ဆဲအစိုးရက Compromise လုပ်ပေးခဲ့ပြီးသော အချက်များမှာ (၁) တပ်မတော်ပါဝင်ခွင့် ၂၅ရာခိုင်နှုန်းကို လက်ခံရေး၊ (၂) မတရားသင်းကြေညာနိုင်လောက်သော အထောက်အထားများ ရှိနေသော်လည်း ဥပဒေနှင့်အညီ အရေးယူခြင်းမပြုသေးဘဲ ပြုပြင်ပြောင်းလဲလာနိုင်စေရန် အချိန်ပေးထားခြင်း၊ (၃) NLD ပါတီကို အမျိုးသားညီလာခံ ပြန်တက်နိုင်ရန် နောက်ထပ်တစ်ကြိမ် တံခါးဖွင့်ပေးခဲ့ပြီးဖြစ်ခြင်း၊ (၄) အမျိုးသားနိုင်ငံရေးကိုလက်ခံလာစေရန် နည်းလမ်းမျိုးစုံဖြင့် ဖျောင်းဖျစည်းရုံးနေခြင်း စသည်တို့ဖြစ်သည်။ ဤအချက်များက တည်ဆဲအစိုးရသည် NLD ပါတီကို အပြတ်ချေမှုန်းပစ်ရန် ရည်ရွယ်ချက်မရှိကြောင်း ထင်ရှားနေသည်။

ဖော်ပြပါ **တည်ဆဲအစိုးရ၏ Compromise လုပ်ပေးထားချက်များအပေါ် NLD ပါတီအနေဖြင့် ယနေ့တိုင် လက်တွေ့ကျသော တုံ့ပြန်လုပ်ဆောင်မှု ဘာတစ်ခုမျှ မရှိသေးပေ။ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒပေါ်အခြေခံသည့် မဲပြာပုဆိုးလုပ်ရပ်များဖြင့်သာ အစဉ်တစိုက်တုံ့ပြန်နေသည်။ ဤသည်တို့မှာ ပကတိနိုင်ငံရေးအခြေအနေမှန်များ ဖြစ်သည်။**

ဖော်ပြပါအကြောင်းများကြောင့် နှစ်ဖက်ကြားတွင် ကာလရှည်လျားစွာ တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ တည်ဆဲအစိုးရက Compromise မလုပ်ခဲ့သောကြောင့် မဟုတ်။ NLD ပါတီက အစိုးရ၏ အထက်ပါ Compromise လုပ်ပေးထားချက်များကို ငြင်းပယ်နေသောကြောင့်သာဖြစ်သည်။ ထို့ကြောင့် NLD ပါတီသည် မိမိပြောစကားနှင့်အညီ လက်တွေ့ကျကျ Compromise (အလျှော့အတင်း)လုပ်ဖို့အချိန်တန်ပြီ။ ထိုကိစ္စများကို မသိကျိုးကျွန်ပြုပြီးနေခဲ့သော် စစ်မှန်၍ အကျိုးရှိသော Compromise ဖြစ်မလာနိုင်ပေ။ ၎င်းမှာ တွေ့ဆုံဆွေးနွေးရေး (Dialogue)ကို အသွင်ပြောင်းထားသော လုပ်ဆောင်ချက်သာဖြစ်၏။ တစ်နည်းအားဖြင့် အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဝါဒအပေါ် အခြေခံသည့် Compromise ဖြစ်သည်။ ၎င်းမှာ နိုင်ငံရေးလှည့်စားချက်တစ်ခုသာဖြစ်၏။

**ဒေါ်စုကြည်လွှတ်ပေးရေးကိုဖောင်းပေးထားသော Compromise ဖြစ်သည်ဆိုပါကလည်း ၎င်းသည် နည်းလမ်းမှားနေသော လုပ်ဆောင်ချက်ဖြစ်၏။ ဒေါ်စုကြည်လွှတ်ပေးရေးကိစ္စမှာ ဒေါ်စုကြည်နှင့်သာဆိုင်သော သီးခြားကိစ္စဖြစ်သည်။ သူမက အမျိုးသားနိုင်ငံရေးကိုလက်ခံလာပါက လွှတ်ပေးမည်သာဖြစ်၏။ ငြင်းပယ်နေပါလျှင် NLD ပါတီက Compromise လုပ်ခြင်းဖြင့်လည်း အကြောင်းထူးလာမည် မဟုတ်ပေ။**

ထို့ကြောင့် NLD ပါတီ၏ Compromise သည် တည်ဆဲအစိုးရ၏ အထက်တွင်ဖော်ပြခဲ့သော Compromise လုပ်ပေးထားချက်များကို လက်ခံရေးသာဖြစ်သည်။ အခြားနည်းလမ်းမရှိချေ။ လက်ခံခဲ့သည်ဆိုပါက ကျန်သောပြဿနာများအားလုံးသည် ကျွဲကူးရေပါ ကိစ္စများဖြစ်သည်။ အဆင့်ကျော်ပြီး ဆွေးနွေးတောင်းဆိုနေစရာမလိုပေ။ ထိုသို့မဟုတ်ခဲ့ပါသော် NLD ပါတီ၏ Compromise သည် တည်ဆဲအစိုးရ၏ Compromise လုပ်ပေးထားချက်များကို ရှောင်ကွင်းရန်နှင့် ပါတီဝင်ထုကို လှည့်စားရန် နိုင်ငံရေးကစားကွက်တစ်ခုသာ ဖြစ်သည်။

## ရေနစ်နေသောကယ်တင်ရှင်များ

**ထို့ပြင် ဒေါ်စုကြည်နှင့် NLD ပါတီသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မပါမပြီး၊ မရှိမဖြစ်သော ကယ်တင်ရှင်များ မဟုတ်ကြပေ။ မြန်မာနိုင်ငံသည် ကယ်တင်ရှင်တို့၏ တိုင်းပြည်မဟုတ်။ ကယ်တင်ရှင်ဟု ဘဝင်မြင့်ပြီး ကယ်တင်သူများကိုယ်တိုင် ကယ်တင်ရင်း ရေနစ်နေကြသည်။ ၎င်းတို့၏ ကယ်တင်မှုများသည် တိုင်းပြည်အတွက် ချစ်ရာမရောက် နှစ်ရာရောက်နေသည်။ ထို့ကြောင့် ဒေါ်စုကြည်နှင့် NLD ပါတီသည် အဓိကမဟုတ်တော့။ သာမညဖြစ်သွားပြီ။ ဤကိစ္စမှာ တည်ဆဲ အစိုးရအတွက် ပြဿနာငယ်တစ်ခုသာဖြစ်သည်။ တည်ဆဲအစိုးရသည် ဒေါ်စုကြည်နှင့် NLD ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ချမှတ်ထားသော အမျိုးသားနိုင်ငံရေးလမ်းကြောင်းအတိုင်း ဆက်လက်ချီတက်သွားမည်သာဖြစ်သည်။**

## Compromise အတွေ့အကြုံများ

ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များသည် တည်ဆဲအစိုးရနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးများကို ဆောင်ရွက်နေကြသည်။ ဤအခြေအနေသို့ရောက်ရှိခဲ့ခြင်းမှာ ဆိုင်ရာလူမျိုးစု အဖွဲ့အစည်းများက (၁) လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပယ်ခြင်း၊ (၂)တည်ဆဲအစိုးရ၏ အမျိုးသားနိုင်ငံရေးလမ်းစဉ်ကို လက်ခံခြင်း၊ (၃) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လိုခြင်း စသည်တို့ကြောင့် နှစ်ဖက်ကြားတွင် Compromise သည် စစ်မှန်စွာ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ KNU မှာ ထိုအခြေအနေမျိုး မရှိသေးပေ။ ထို့ကြောင့် ပီပြင်သော Compromise သည် ပေါ်ထွန်းမလာသေးခြင်းဖြစ်သည်။ KNU က ငြိမ်းချမ်းရေးအဖွဲ့များ နည်းတူ လုပ်ဆောင်လာခဲ့မည်ဆိုပါက ၎င်းအတွက် ငြိမ်းချမ်းရေးတံခါးသည် ပွင့်နေဆဲဖြစ်သည်။

တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီအများစုတို့ကလည်း (၁)အမျိုးသား နိုင်ငံရေးကိုလက်ခံခြင်း၊ (၂) ထိပ်တိုက်ရင်ဆိုင်ရေးနှင့် ပြည်ပအားကိုးရေးလမ်းစဉ်များကို စွန့်ပယ်ထားခြင်း၊ (၃) တည်ဆဲအစိုးရနှင့် ပူးပေါင်းလက်တွဲပြီး အမျိုးသားညီလာခံမှတစ်ဆင့် အနာဂတ်ဒီမိုကရေစီ ပေါ်ထွန်းရေးကို လုပ်ဆောင်နေခြင်းစသည်တို့ကြောင့် တည်ဆဲအစိုးရနှင့် နားလည်မှုရပြီး နှစ်ဖက်ကြားတွင် Compromise သည် ဖြစ်ပေါ်ခဲ့သည်။

**NLD ပါတီမှာ ထိုအခြေအနေမျိုး လုံးဝမရှိသေးသောကြောင့် တည်ဆဲအစိုးရထံမှ ထပ်မံ Compromise လုပ်မှုကို မျှော်လင့်၍မရနိုင်ပေ။ NLD သည် ယခုအချိန်ထိ ထိပ်တိုက်ရင်ဆိုင်ရေး၊ ပြည်ပအားကိုးရေး လမ်းစဉ်နှစ်ရပ်ကို ကိုင်စွဲပြီး အမျိုးသားနိုင်ငံရေးကို ငြင်းပယ်နေဆဲဖြစ်သည်။ ဤလမ်းစဉ်နှစ်ရပ်ကြောင့်လည်း ကိုယ့်ကိုယ်ကိုပတ် အုတ်တံတိုင်းခတ်မိပြီး ထွက်ပေါက်မရဖြစ်နေရသည်။ NLD ၏ ထိုလမ်းစဉ်နှစ်ရပ်သည် ကိုယ့်ရှုးကိုယ်ပတ် ခတ်မိနေသည့် အုတ်တံတိုင်း၊ ထိုအုတ်တံတိုင်းကို ဖျက်ပြီးထွက်မှသာလျှင် ကိုယ်တိုင်ဖန်တီးထားသော အကျပ်အတည်းမှ လွတ်မြောက်နိုင်မည်။ ထို့ကြောင့် ယနေ့ NLD ပါတီ၏ အရေးအကြီးဆုံးသောလုပ်ငန်းမှာ ဒီမိုကရေစီနှင့်ပြည်သူကိုကယ်တင်ရေး မဟုတ်။ "လက်ရှိအကျပ်အတည်းမှလွတ်မြောက်ရေး"၊ တစ်နည်းအားဖြင့်"မိမိကိုယ်မိမိ ကယ်တင်ရေး"သာဖြစ်သည်။ မိမိကိုယ်ကိုပင် ကယ်တင်နိုင်ခြင်းမရှိပါက တစ်ပါးသူကိုလည်း မည်သို့မျှ ကယ်တင်နိုင်လိမ့်မည် မဟုတ်ပေ။**

**NLD ပါတီသည် အမျိုးသားညီလာခံ ပြန်လည်တက်ရောက်နိုင်ရေးအတွက် တပ်မတော်ပါဝင်ခွင့် ၂၅ ရာခိုင်နှုန်းကိုသာလျှင် လက်ခံ၍ မိမိကိုင်စွဲထားသော ထိပ်တိုက်ရင်ဆိုင်ရေးနှင့် ပြည်ပ အားကိုးရေးလမ်းစဉ်နှစ်ရပ်ကို စွန့်ပယ်ခြင်းမရှိပါက ထိုလုပ်ရပ်မှာ တစ်ခြမ်းဖဲ့သစ္စာသာဖြစ်၏။ ထိုနည်းလမ်းမှာ လေ့နံ့နှစ်ဖက်နင်းပြီး နိုင်ငံရေးလှေကြုံစီးခြင်းပင်ဖြစ်သည်။ ၎င်းမှာ G.C.B.A ခေတ်တွင် ၂၁ဦးတို့၏ ပူးသတ်ရေးနှင့်မှူးမတ်ဖြစ်ရေးလမ်းစဉ် ဖြစ်သည်။ ဤရည်ရွယ်ချက်မှာ တစ်စုက အမျိုးသားညီလာခံအတွင်းဝင်ရောက်၍ ကျန်တစ်စုက ပြင်ပစည်းမှနေပြီး နှစ်ဖက်ညှပ်၍ ၎င်းတို့၏ အမျိုးသားရေးကိုဆန့်ကျင်သော လစ်ဘရယ်ဝါဒကိုဖော်ဆောင်ရန်ဖြစ်သည်။ သဘောရိုးဖြင့် လက်ခံမိပါက ကုလားအုတ်ကို ရှက်ဖျင်တဲအတွင်း ဝင်ခွင့်ပေးမိသလိုဖြစ်မည်။ ထို့ကြောင့် NLD ၏ Compromise သည် ထိုအခြေအနေမျိုးကို ဖန်တီးယူသော လုပ်ဆောင်ချက်မဖြစ်သင့်ပေ၊ အန္တရာယ်ပြွမ်းလှ၏။**

## လွဲမှားသောအကဲဖြတ်ချက်

**အမျိုးသားရေးကိုဆန့်ကျင်သော ပြည်တွင်းပြည်ပ လစ်ဘရယ်ဂိုဏ်းသားများသည် တည်ဆဲအစိုးရကို နိုင်ငံရေးအကဲဖြတ်ရာ၌ အလွန်လွဲမှားနေကြသည်။ အကဲဖြတ်ချက် လွဲမှားမှုကြောင့် ၎င်းတို့၏ နိုင်ငံရေး လုပ်ဆောင်ချက်များအားလုံး လွဲမှားကုန်ကြသည်။ ၎င်းတို့သည် မြန်မာ့သမိုင်းတွင် တပ်မတော်၏ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ထူးခြားသော အရေးပါမှုကို လျစ်လျူရှုထား၏။ တည်ဆဲအစိုးရ၏ နည်းဗျူဟာခန်း (Tactics) နှင့် မဟာဗျူဟာခန်း(Strategy)ကိုလည်း ပိုင်းပိုင်းခြားခြားမသိ၊ နည်းဗျူဟာခန်းမှ မှန်ကန်သော လုပ်ဆောင်ချက်များကိုလည်း မျက်ကွယ်ပြုပြီး နည်းဗျူဟာခန်း အမှားအချို့ကို အလေးပေးပြီး အကဲဖြတ်နေကြသည်။ ထို့ကြောင့် ၎င်းတို့သည် အဆိုးမြင်ဝါဒ၏ လွှမ်းမိုးခြင်းကို ခံနေကြရသည်။** မြန်မာနိုင်ငံ၏ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်မှုမှာ နှစ်ပေါင်း ၂၀ ခန့်ပင် မပြည့်သေးပေ။ ယနေ့ကာလသည် အရင်းရှင်စနစ်၏ ခေတ်ဦးပိုင်းကာလဖြစ်သောကြောင့် အရင်းစုဆောင်းမှုများသည် ပုံကျပန်းကျ မရှိသေးချေ။ ထိုအခြေအနေကို ဖွံ့ဖြိုးပြီးနိုင်ငံများ၊ G 7 နိုင်ငံများနှင့်နှိုင်းယှဉ်ပြီး စိတ်တိုင်းမကျဖြစ်နေပါက စိတ္တဇရောဂါသည်ဘဝ ရောက်ကြမည်။

## မျောက်သင်းကွဲဘဝ

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ပြီးသော အခြေခံမူများအရ တပ်မတော်မှ ၂၅ ရာခိုင်နှုန်း၊ ပြည်သူလူထုမှ ၇၅ရာခိုင်နှုန်းဖြင့် လွှတ်တော်များကို ဖွဲ့စည်းထားသည်။ ထို့ကြောင့် တပ်မတော်ပါဝင်မှုမှာ လေးပုံတစ်ပုံသာဖြစ်၏။ မဆလခေတ်တွင် သုံးပုံတစ်ပုံပါဝင်ခဲ့သည်။ NLD ပါတီသည် တပ်မတော်ပါဝင်ခွင့် ၂၅ရာခိုင်နှုန်းကို ငြင်းပယ်ထားဆဲဖြစ်သည်။ ထိုငြင်းပယ်မှုမှာ ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ကို ထိမှန်သွားစေသည်။ တပ်မတော်ပါဝင်ခွင့် ၂၅ရာခိုင်နှုန်းကိုလည်း ထိမှန်သွား၏။ ပြည်သူလူထုပါဝင်ခွင့် ၇၅ ရာခိုင်နှုန်းကိုလည်း ထိမှန်သွားသည်။ ၇၅ရာခိုင်နှုန်းကိုပါ ထိမှန်သွားသောကြောင့် ယင်းအချိုးကို လက်ခံထားကြသော အမျိုးသားရေးအင်အားစုများနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး မျောက်သင်းကွဲဘဝသို့ ရောက်ခဲ့ရတော့သည်။

## ဒီမိုကရေစီရေးသို့

ထို့ပြင် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးဟု လိုရာဆွဲမတွေးသင့်ပေ။ NLD အပါအဝင် အမျိုးသားရေးအင်အားစုအားလုံး အသက်ရှည်ရေးနှင့် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ဖြစ်သည်။ ထိုအခြေအနေမှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (အမျိုးသားရေးဒီမိုကရေစီ)ပေါ်ထွန်းလာမည်။ ထိုမှတစ်ဆင့် ဆင့်ကဲဖြစ်စဉ်အရ လူလတ်တန်းစား ဒီမိုကရေစီနှင့် ခေတ်သစ်ဒီမိုကရေစီတို့သည် အဆင့်လိုက် မြင့်တက်ဖြစ်ပေါ်လာမည်ဖြစ်၏။ မြန်မာနိုင်ငံ၏ ခေတ်သစ်ဒီမိုကရေစီဆိုသည်မှာ အမေရိကန်နိုင်ငံကဲ့သို့ အရင်းရှင်လူတန်းစားတစ်စုက ဦးဆောင်သော ဒီမိုကရေစီစနစ်မဟုတ်ပေ။ လူတန်းစားအလွှာပေါင်းစုံတို့ဖြင့် ဖွဲ့စည်းဖြစ်ပေါ်လာသော ဒီမိုကရေစီဖြစ်သည်။ ထို့ကြောင့် ခေတ်သစ်ဒီမိုကရေစီ(Modern Democracy)သည် လစ်ဘရယ်ဒီမိုကရေစီ(Liberal Democracy)ထက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီခန်းတွင် မြင့်မား၏။ ထို့ကြောင့် ရေးဆွဲနေသော ဖွဲ့စည်းပုံသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက်မဟုတ်၊ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးအတွက်ဖြစ်သည်။ ၁၉၇၄ဖွဲ့စည်းပုံမှာ ဒီမိုကရေစီရေးမဟုတ်၊ တစ်ပါတီအာဏာရှင်စနစ်ဖြစ်သော ဆိုရှယ်လစ်ဒီမိုကရေစီရေးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်ဖြစ်ပေါ်တိုးတက်ရေးမှာ အမျိုးသားရေးလမ်းကြောင်း (National Way) အရဖြစ်သည်။ အရင်းရှင်လမ်းကြောင်း(Liberal Way)မဟုတ်ပါချေ။

## ဖွတ်မရ ဓားမဆုံး

**အရှုံးအမြတ်သဘောအရ ၂၅ရာခိုင်နှုန်းကိုလက်ခံပါက ၇၅ရာခိုင်နှုန်းကို မိမိရရှိ၏။ ၂၅ရာခိုင်နှုန်းကို ငြင်းပယ်မိခြင်းကြောင့် ၇၅ရာခိုင်နှုန်းကိုပါ ဆုံးရှုံးရသည်။ ထို့ကြောင့် NLD အတွက်ရလဒ်မှာ သုည၊ တည်ဆဲအစိုးရအတွက် ရလဒ်မှာ၁၀၀ရာခိုင်နှုန်းဖြစ်သွားသည်။ ဤရလဒ်များက NLD ပါတီ၏ လုပ်ဆောင်ချက်အမှားကို သက်သေပြနေသည်။** ယင်းလုပ်ရပ်ကိုပင် ဒီမိုကရေစီရေးအတွက် ပြောင်မြောက်မှန်ကန်သော လုပ်ဆောင်ချက်ဟုခံယူပါက အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းလှသော ကမ္ဘာကျော်သည့် နိုင်ငံရေးသုခမိန်တစ်ဦးသာဖြစ်မည်။ ထို့ကြောင့် အထက်ပါလုပ်ဆောင်ချက်များမှာ NLD ပါတီအတွက် အမြတ်မထွက် အရှုံးသက်သက်ဖြစ်သောကြောင့် အမျိုးသားညီလာခံကို ကျောခိုင်းခဲ့ခြင်းမှာ ဖွတ်မရ ဓားမဆုံးပြီး၊ ကိုယ့်'ဂိုး'ကို ပြန်ရှုးမိခြင်း အဖြစ်မျိုးသို့ ရောက်ခဲ့တော့သည်။

## ဆူးကြားဘူးသီး

ယခုအခါ NLD ပါတီသည် မိမိပြောစကားနှင့်အညီ Compromise လုပ်ရပေတော့မည်။ လုပ်ဆောင်ရာ၌ လုပ်ငန်း၏ရလဒ်သည် ပါတီတစ်ရပ်လုံး လက်ရှိအကျပ်အတည်းမှ လွတ်မြောက်ရေးဖြစ်သည်။ ထိုသို့ဖြစ်စေရန် အမျိုးသားနိုင်ငံရေးလမ်းကြောင်း(National Way)ကို လျှောက်လှမ်းရမည်ဖြစ်၏။ လက်တွေ့

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

*စာမျက်နှာ ၉ ဆောင်းပါးမှအဆက်*

လုပ်ဆောင်ရာတွင် ၂၅ ရာခိုင်နှုန်းကို လက်ခံရေးနှင့် အမျိုးသားညီလာခံ ပြန်တက်ရေးကိစ္စနှစ်ခုမှာ လွယ်ကောင်းလွယ်မည်ဖြစ်၏။ ထိပ်တိုက်ရင်ဆိုင်ရေးနှင့် ပြည်ပအားကိုးရေး လမ်းစဉ်နှစ်ရပ်ကို စွန့်ပယ်ရန်မှာ လွယ်မယောင်နှင့်ခက်၍နေသည်။ ထိပ်တိုက်ရင်ဆိုင်ရေးကို စွန့်ပယ်ပါက ပါတီအတွင်းမှ ထိပ်တိုက်ရင်ဆိုင်ရေးဂိုဏ်းနှင့် ထိပ်တိုက်တိုးမည်။ ပြည်ပအားကိုးရေး လမ်းစဉ်ကိုစွန့်ပယ်ပါက နည်းလမ်းပေါင်းစုံနှင့် ထောက်ခံကူညီထားသော ပြည်ပနိုင်ငံများနှင့် ထိပ်တိုက်တွေ့မည်။ ထိုလမ်းစဉ်နှစ်ရပ်ကို မစွန့်ပယ်ပါက တည်ဆဲအစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ထို့ပြင် ပါတီ၏မှားယွင်းသော လမ်းစဉ်များနှင့် လုပ်ရပ်များကြောင့် ပြည်သူလူထုအတွက် တာဝန်မကျေပွန်၊ ပါတီဝင်ထု၏ လိုလားချက်များကိုလည်း ဆောင်ရွက်မပေးနိုင်၊ ပြည်ပနိုင်ငံများ၏ လိုအင်ဆန္ဒများကိုလည်း ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသောကြောင့် ဆူးကြားသီးသည့် ဘူးသီးအဖြစ်မျိုး ရောက်နေသည်။ ဤသို့ဖြစ်ရခြင်းမှာ ဘယ်သူမပြု မိမိမှု၊ ကိုယ့်ကြိုးနှင့် ကိုယ်ရှုပ်ပြီး ကိုယ့်ကြိုးနှင့်ကိုယ် ပြန်တုပ်နှောင်မိခြင်းဖြစ်ပေရာ ကိုယ့်ကြိုးကို ကိုယ်ဖြေမှ လက်ရှိအခြေအနေများမှ လွတ်မြောက်နိုင်မည်။ သို့ရာတွင် ကျော်လွှားရန်းထွက်ရေးအတွက် CEC နှင့် ပါတီဝင်တို့တွင် နိုင်ငံရေးသြဇာလည်းမရှိ၊ အာဏာလည်းမရှိ ဖြစ်နေ၏။

## Mandate ပိုင်ရှင်

**ပါတီဝင်ထုက Mandate ပေးအပ်ထားသောကြောင့် NLD ပါတီအပေါ်တွင် နိုင်ငံရေးသြဇာ အာဏာအရှိဆုံးမှာ ဒေါ်စုကြည်ဖြစ်၏။ ယခုအခါ ဒေါ်စုကြည်သည် နေအိမ်အကျယ်ချုပ်ဖြင့်ရှိနေသော်လည်း၊ သူမလက်ထဲတွင် Mandate သည်ရှိနေ၏။ ထို့ကြောင့် ပါတီ၏ဝိဉာဉ်သည်လည်း သူမလက်ထဲတွင် ရှိနေသည်ဟု ဆိုနိုင်သည်။ သူမ၏ Mandate အသုံးချမှုအပေါ်မူတည်၍ NLD ပါတီသည် လက်ရှိအကျပ်အတည်းမှလည်း လွတ်မြောက်သွားနိုင်သည်။ သို့တည်းမဟုတ် ပို၍ဆိုးသောအခြေအနေသို့လည်း ဆိုက်ရောက်သွားနိုင်သည်။** ဤအခြေအနေကြောင့် အကျပ်အတည်းပေါင်းစုံကို လက်တွေ့ခံစားနေရသော ပါတီနှင့် ပါတီဝင်များသည် Mandate ကို မှန်ကန်စွာ အသုံးချရန် လိုလားနေကြသည်။ ဤကိစ္စကို တရားဝင်တင်ပြတောင်းဆိုချင်ကြသော်လည်း ပါတီတွင်း၌ အခြေအနေမပေးသောကြောင့် မျှော်လင့်တောင့်တနေရုံမှအပ ဘာမျှမတတ်နိုင်၊ မျှော်လင့်ထားသောအဖြေကား ယနေ့တိုင် သူမထံမှ ထွက်ပေါ်မလာသေး။ ထို့ကြောင့် သူမ၏ အခြေအနေမှန်ကို လေ့လာသုံးသပ်ရန် လိုအပ်လာပေသည်။

## သူမ၏အခြေအနေ

**ဒေါ်စုကြည်သည် နိုဘယ်ဆုအပါအဝင် ဆုပေါင်း ၈၀ ကျော်ကို ရရှိထားသည်။ ထိုဆုများမှာ ပါတီဝင်များ၏ ချွေးနှင့်သွေးများဖြစ်ကြသည်။ ယခုအခါ ထို'ဆုများ'သည် သူမအတွက် 'ဆူးများ'ဖြစ်ကုန်ကြပြီ။ ဆုပေါင်းများစွာ ၏ ချည်နှောင်ထားမှုကို ခံနေရသောကြောင့် သူမသည် ပင့်ကူအိမ်တွင်မိနေသော 'ယင်ကောင်'ဘဝမျိုးရောက်နေသည်။ ရုန်းထွက်ရေးမှာ ခက်လှ၏။ ထို့ကြောင့်ပါတီဝင်ထု၏ 'စု'တစ်ယောက်၊ 'ဆု'ကြောင့် ဒုက္ခရောက်နေသည်။ သူမသည် ကြောက်ရွံ့ခြင်းမှကင်းရေးနှင့် မကြောက်တရား အဟောကောင်းသူဟု နာမည်ကြီးလှသည်။ သို့သော် သူမအကြောက်ဆုံးသောအရာမှာ ဆုရှင်များ၏ တံတွေးကွက်တွင်း ပက်လက်မျောရမည့်ဘဝ။** ထို့ကြောင့် ပါတီနှင့် အမျိုးသားရေးအကျိုးစီးပွားအတွက် Mandate ကို မှန်ကန်စွာအသုံးချရန် ဝန်လေးနေပြီး ကြောက်ဒူးများတုန်နေဟန်ရှိသည်။ ဤအချက်က ကိုယ်ကျိုးမဖက်ဟု နာမည်ကြီးသူသည် ကိုယ်ကျိုးငဲ့ကွက်နေကြောင်း ထင်ရှား၏။ တွယ်တာမက်မောမှုဟူသမျှသည် တဏှာဖြစ်၏။ ထိုတဏှာသည်ပင် အတ္တဖြစ်သည်။ ခန်း၊ ငွေကြေး၊ ပစ္စည်းဥစ္စာမက်မောတွယ်တာသူနှင့် နာမည်ကြီးမှု၊ ကျော်ကြားမှု၊ ချီးမွမ်းမြှောက်စားမှုများကို တွယ်တာမက်မောသူတို့သည် အတ္တသမားချည်းဖြစ်ကြသောကြောင့် ထူးမခြားနား၊ ဒီပုတ်ထဲက ပဲချည်းဖြစ်ကြသည်။

## သူမ၏လုပ်ဆောင်ချက်များ

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သည်။ ဤလုပ်ဆောင်ချက်များကို အနောက်ကမ္ဘာက မသိလေဟန် ဆောင်နေကြသော်လည်း ဆိုဗီယက်ပြည်ထောင်စုက စတာလင်ငြိမ်းချမ်းရေးဆုကို ပေးအပ်ခဲ့သည်။ ဆုသွားယူစဉ်၌ ဆရာကြီးက မြန်မာနိုင်ငံကို ငြိမ်းချမ်းရေးရအောင် လုပ်မပေးနိုင်သဖြင့် လိပ်ပြာမသန့်ဖြစ်မိကြောင်း၊ ဝိဂူရ သခင်ချစ်မောင်ကို ပြောဆိုခဲ့ဖူးသည်။ ဒေါ်စုကြည်မှာ အနောက်ကမ္ဘာမှ နိုဘယ်ဆုကြီးကို ရရှိထား၏။ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးမဆိုထားဘိ မြန်မာပြည်ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပင် ဘာတစ်ခုမျှ လုပ်ပေးနိုင်ခြင်းမရှိပေ။ သို့ရာတွင် သူမသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထက် မြန်မာနှင့် ကမ္ဘာကျော်သူတစ်ဦးဖြစ်ခဲ့သည်။ ချီးကျူးအံ့ဖွယ်ကောင်းလှပေ၏။

သူမသည် 'ဂန္ဒီ'ကြီးကဲ့သို့ အကြမ်းမဖက် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နေသူဟု ဆိုကြသည်။ ဂန္ဒီကြီးမှာ အမျိုးသားရေးဝါဒသမား၊ အင်္ဂလိပ်အစိုးရမှာ နယ်ချဲ့ကိုလိုနီအစိုးရ၊ သူ၏ရည်မှန်းချက်မှာ ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရေးဖြစ်သည်။ ဒေါ်စုကြည်မှာ အမျိုးသားရေးဝါဒသမားမဟုတ်၊ လက်ယာဒီမိုကရေစီ ခေါင်းဆောင် (Liberal Leader)၊ တည်ဆဲအစိုးရမှာ နယ်ချဲ့ကိုလိုနီအစိုးရမဟုတ် အမျိုးသားအစိုးရ၊ သူမ၏ရည်မှန်းချက်မှာ အမျိုးသားရေးကို ဆန့်ကျင်သော လစ်ဘရယ်ဒီမိုကရေစီထွန်းကားရေး ဖြစ်သည်။ သူမ၏ ငြိမ်းချမ်းသောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ချက်များမှာ လက်နက်ကိုင်လမ်းစဉ်မဟုတ်သော်ငြားလည်း သူမနှင့် ပါတီကိုပင် ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းမရှိပေ။

ရူပဗေဒသဘောတရားအရ ကြီးမားသော ကျောက်တုံးကြီးကို တစ်နေကုန် တွန်းရွှေ့ထုတ်သော်လည်း တစ်လက်မမျှ မရွှေ့လျားသော် အလုပ်ပြီးခြင်း (Workdone)မဖြစ်၊ ထို့ကြောင့် လုပ်အားခ တစ်ပြားဖိုးမျှ မရထိုက်ပေ။ **ဒေါ်စုကြည်၏ လုပ်ဆောင်ချက်များမှာ ထိုနည်းတူဖြစ်၏။ သို့သော်လည်း ပြည်ပနိုင်ငံများစွာက သူမအား လုပ်အားခအဖြစ် ဆုပေါင်းများစွာပေးသနားခဲ့ကြသည်။ ထိုလုပ်အားခ ဆုများကြောင့် Mandate ကို မှန်ကန်စွာအသုံးချရေး ငေးငိုင်တွေဝေနေခြင်းဖြစ်သည်။ ထို့ကြောင့် သူမကို ပါတီ၏ Mandate ပေးအပ်ခဲ့မိခြင်းမှာ NLD ပျက်ကိန်းဖြစ်ရချေတော့သည်။**

## ပဒိုင်းသီးစားမိခြင်း

ဝိရောဓိတိုင်းတွင် အစွန်းနှစ်ဖက်တို့၏ ပဋိပက္ခဖြစ်မှုသည် ရှိနေ၏။ ပဋိပက္ခ၏ အမြင့်ဆုံးသော တိုက်ပွဲ(struggle) အခြေအနေက ဘက်နှစ်ဖက်တို့၏ အနိုင်နှင့်အရှုံးကို အဆုံးအဖြတ်ပေးသည်။ ယခုအခါ တည်ဆဲအစိုးရ၏ စီးပွားရေး၊ နိုင်ငံရေးအခြေအနေများမှာ တစ်နေ့တခြား အားကောင်းလာနေ၍ NLD ၏ အခြေအနေမှာ လျော့ရင်းနစ်ပြီး မကြာမီ "တိုင်တန်းနစ်"လို နစ်မြုပ်တော့မည်။ ဤအခြေအနေကို ကွက်တိသိနေကြသောကြောင့် ပြည်ပဆရာကြီးများသည် နှလုံးရောဂါရပြီး မျောက်မီးခဲထိုင်မိသည့်ဘဝ ရောက်ကုန်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ သံတမန်ဆိုသူများသည် NLD ရုံးချုပ်သို့ ချောင်းပေါက်အောင် လာနေကြခြင်းဖြစ်သည်။ လာခြင်းမှာ ကောင်းသောလာခြင်းမဟုတ်၊ ၎င်းတို့အကျိုးစီးပွားအတွက် သပ်လျှိုရန် လာခြင်းဖြစ်သည်။ ပြည်တွင်းပြည်ပ အခြေအနေများအရ NLD ပါတီသည် တည်ဆဲအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးမှတစ်ပါး အခြားလမ်းမရှိတော့ကြောင်း၊ ၎င်းတို့အားလုံး ကောင်းစွာသိထားကြသည်။ ဤအခြေအနေသို့ လျင်မြန်စွာ ရောက်ရှိသွားပါက ၎င်းတို့၏ လုပ်ဇာတ်များသည် ဘူးပေါ်သလို ပေါ်ကုန်၍ မဟာအရှက်တော်ကွဲရချေတော့မည်။ တစ်နည်းအားဖြင့် ၎င်းတို့၏ အသွင်ပြောင်း သံတမန်ဆက်ဆံရေးမူဝါဒ Tranformational Diplomacy ကျရှုံးရတော့မည် ဖြစ်၏။ ထို့ကြောင့် မဟာအရှက်တော် မကွဲစေရန်အတွက် NLD ၏ ထဘီစကို ဆွဲကိုင်ထားရေးသည် ၎င်းတို့အတွက် အရေးအကြီးဆုံးသော တာဝန်တစ်ရပ်ဖြစ်နေသည်။ ဤနည်းမှာ အမျိုးသားစည်းလုံးညီညွတ်မှုကို သပ်လျှိုခြင်းဖြစ်၏။ ဤလုပ်ရပ်ကြောင့် ၎င်းတို့သည် မိတ်ဆွေဟန်ဆောင်နေသော ရန်သူများ ဖြစ်ကြသည်။ NLD ၏ ထဘီစကို ဆွဲထားခြင်းမှာ ကူကယ်ရန်မဟုတ် "ဓားစာခံ" လုပ်ပြီး တောင်ဗီယက်နမ်မှ ငိုဒင်ဇင်ဘဝမျိုးသို့ တွန်းပို့ရန်ဖြစ်သည်။ စစ်အေးခေတ်တွင် ဗီယက်နမ်သည် အမေရိကန်၏ ကိုလိုနီလက်သစ်ဝါဒကို စစ်ရေးနည်းလမ်းဖြင့် သင်ခန်းစာပေးခဲ့သည်။ Globalization ခေတ်တွင် မြန်မာနိုင်ငံသည် အမေရိကန်နှင့် အပေါင်းပါတို့၏ ကိုလိုနီလက်သစ်ဝါဒကို နိုင်ငံရေးနည်းလမ်းဖြင့် သင်ခန်းစာပေးနေရသည်။ ဤသို့ဖြစ်ရခြင်းမှာ မြန်မာကြောင့်မဟုတ်၊ မြန်မာသည် မိမိအမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းသာဖြစ်၏။ ယခုအခါ မြန်မာနိုင်ငံအရေး ဝင်စွက်မိခြင်းသည် ပြည်ပဆရာကြီးများအတွက် ပဒိုင်းသီးကို စားမိခြင်းအဖြစ်မျိုးသို့ ရောက်ခဲ့ချေပြီ။

## လမ်းစဉ်များ၏သားကောင်များ

တစ်ချိန်က ဗကပသည် လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုမရှိသော လက်နက်ကိုင်လမ်းစဉ်ကို ချမှတ်ခဲ့သည်။ နောက်ဆုံး၌ ပါတီဝင်များသည် ထိုလမ်းစဉ်ကို တိကျစွာမလိုက်နာနိုင်သောကြောင့် ဝဝစား၊ ဝေးဝေးပြေး၊ ဝီဝီသံကြားဝပ်ကုန်ကြသည်။ အလံနီပါတီမှာ စစ်ရေး၊ နိုင်ငံရေး အပြင်းထန်ဆုံးဖြစ်၏။ "သေရဲတာအလံနီ၊ သတ်ရဲတာအလံနီ၊ တိုက်ရဲတာအလံနီ၊ ကိုကိုးကျွန်းသို့ သွားရဲတာအလံနီ" စိတ်ဓာတ်များဖြင့် တိုက်ပွဲဆင်ခဲ့ကြသည်။ အပြင်းထန်ဆုံးလုပ်ခဲ့သောကြောင့် အပြင်းထန်ဆုံးသော ဝေဒနာကိုခံစားခဲ့ကြရသည်။ နောက်ဆုံး "ကျား"ကုန်တော့မှ သခင်စိုးသည် သင်ခန်းစာများရခဲ့ပြီး အမှောင်မှ အလင်းသို့ ကူးပြောင်းခဲ့သည်။

NLD ၏ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်မှာလည်း အခြေအနေနှင့် ကိုက်ညီမှုမရှိပေ။ ဤလမ်းစဉ်ကို အမှန်ထင်ပြီး မိုက်ကန်းစွာဖြင့် ထိပ်တိုက်ပြုမိသူများမှာလည်း ထိပ်ပေါက်၊ ခေါင်းပြဲ၊ ဖင်ထိုင်လဲ၍ ဆင်းရဲဒုက္ခရောက်ခဲ့ကြရသည်။ ပါတီမှာလည်း ဆိုင်းဘုတ်သာ ကျန်တော့၏။ ဤအခြေအနေများကို ဒေါ်စုကြည်သည် မာနတရားနှင့် အာဃာတ တရား ဘေးဖယ်ရှားပြီး လေးလေးနက်နက် စဉ်းစားသင့်သည်။ ကိုကြီးနုလို ပြဿနာကိုရှောင်ပြီး ဥပုသ်ဆောင်ဝင်မနေသင့်ပေ။ ဒေါ်စုကြည်သည် NLD ပါတီအတွက် ကယ်တင်ရှင်ဟုဆိုပါက လက်ရှိအကျပ်အတည်းမှ ပါတီကို ကယ်ထုတ်နိုင်စွမ်းရှိရမည်။ မကယ်တင်နိုင်ပါက သူမသည် ကယ်တင်ရှင်မဟုတ်၊ အာဏာရှင်သာ ဖြစ်မည်။

**ယခုအခါ NLD ပါတီသည် ဆေးမှားသောက်မိသောကြောင့် ရောဂါပေါင်းစုံရနေ၏။ ဆေးသောက်ရပ်မှ ရောဂါပျောက်မည်၊ ဆေးစားမရပ်က ရောဂါမပြတ်။ ထိုရောဂါပျောက်ရေးကို တည်ဆဲအစိုးရက ကူကယ်မှုပေးနိုင်စွမ်းမရှိချေ။ ဤလမ်းစဉ်များကို ချမှတ်ခဲ့သူမှာ တည်ဆဲအစိုးရမဟုတ်၊ ဒေါ်စုကြည်သာဖြစ်၏။ သူမပယောဂကြောင့် ဖြစ်ရသော ရောဂါကို သူမကိုယ်တိုင် နုတ်သိမ်းမှသာ ချုပ်ငြိမ်းမည်ဖြစ်၏။ သို့မှသာလျှင် NLD ပါတီသည် ဝေဒနာမျိုးစုံမှ လွတ်မြောက်ပေတော့မည်။** ထို့ကြောင့် Compromise စကားဖြင့် လှည့်စားပြီး ဘုန်းကြီးအမှုကို ရှာမပတ်စေသင့်။

## ခေါင်းဆောင်ကောင်းဆိုသည်မှာ

**သမုတိသစ္စာတရားအရ အမှန်နှင့် အမှားသည် ရှိနေ၏။ ဤဇမ္ဗူတွင် လူဟူသမျှ အမှားရှိမြဲ၊ အမှားကိုမြင်၍ ပြင်ရဲသောသတ္တိရှိမှ ခေါင်းဆောင်ကောင်းဖြစ်သည်။**

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်နှင့်ပူးပေါင်းမိခြင်းအမှားကို မြင်၍ ရဲဝံ့စွာပြင်ပြီး ဂျပန်ကို တော်လှန်ခဲ့သည်။ ဦးနေဝင်းသည် တစ်ပါတီစနစ် အမှားကိုမြင်၍ ရဲဝံ့စွာပြင်ပြီး ပါတီစုံစနစ် ပေါ်ထွန်းရေးကို လမ်းခင်းပေးခဲ့သည်။ သခင်စိုးသည် လက်နက်ကိုင်လမ်းစဉ်အမှားကို မြင်၍ ရဲဝံ့စွာပြင်ပြီး အကျပ်အတည်းပေါင်းစုံတို့မှ လွတ်မြောက်ရေးလမ်းကို ရှာဖွေခဲ့သည်။ ဤသို့ ပြုလုပ်ခဲ့ကြခြင်းမှာ ဖောက်ပြန်ခြင်းမဟုတ်ပေ။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက "ခေတ်အခြေအနေနှင့် မယှဉ်ပါမူ၊ တိုင်းပြည်ထူထောင်ခြင်း ခေတ်ပြင်ခြင်းမပြုနိုင်၊ မွေးကတည်းက သေသည်ထိ အယူဝါဒ အပြောင်းအလဲမရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ **လူတစ်ယောက်၏ သက်တမ်းတွင် အစပထမက သိမြင်လာသော အယူဝါဒတို့သည် အမှန်ချည်းမဟုတ်၊ ပြုပြင်ပြောင်းလဲရသည်သာတည်း။ ယနေ့အယူအဆနှင့် နက်ဖြန် အယူအဆသည် တူချင်မှ တူမည်။ အမှန်ကား လူတစ်ယောက်၏ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုသူသည် သမာဓိ မတည်၊ ရှေ့နောက်မညီဟု ထင်အမှတ် မှားတတ်ကြလေသည်။ သမာဓိမတည်ခြင်းမှာ၊ ကိုယ်ကျင့်တရားဖောက်လွဲဖောက်ပြန်ဖြစ်ခြင်းပေတည်း။ ဝါဒပြောင်းလဲမှုမှာ သမာဓိမတည်ခြင်းမဟုတ်ပေ။ ဉာဏ်ပညာ၏ ပြောင်းလဲမှုဖြစ်သောကြောင့် တစ်နည်း တိုးတက်ခြင်းပေတည်း"** ဟု မိန့်ဆိုသွားခဲ့သည်။

ဒေါ်စုကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သည်။ အထက်ပါဖခင်စကားနှင့်အညီ မိမိ၏အယူဝါဒနှင့် လမ်းစဉ်များကို ပြောင်းလဲဖို့အချိန်တန်ပြီ၊ မပြောင်းလဲပါက "စု"အကြောင်းတရားနှင့် "စု"ပါ။ ဆုတောင်းမှားခဲ့လေသလားဖြစ်မည်။ ပြောင်းလဲခြင်းမှာ ဖောက်ပြန်ခြင်းမဟုတ်။ တည်ဆဲအစိုးရကိုလည်း ဒူးထောက်အရှုံးပေးခြင်းလည်း မဟုတ်ပေ။ တိုးတက်ခြင်းဖြစ်၍ မှန်ကန်သော အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခြင်းပင် ဖြစ်သည်။ ၎င်းမှာ သား ရွှေအိုးထမ်းလမ်းစဉ်လည်း ဖြစ်၏။ ဤသို့ပြုခဲ့သော် သူမ၏ အမည်နာမသည် ဖခင်ကဲ့သို့ပင် ရာဇဝင်တွင် မှတ်တမ်းတင်ခြင်းခံရပေမည်။ **ထို့ကြောင့် Mandate ကို မှန်ကန်စွာအသုံးချရေးသည် ယနေ့ NLD ပါတီအတွက် အရေးအကြီးဆုံးဖြစ်သည်။ Mandate ပေးအပ်ထားပြီး ဖြစ်သောကြောင့် ပါတီနှင့်ဆိုင်သော ကောင်းဆိုး မှားမှန်ကိစ္စများသည် ပါတီဝင်ထုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပေ။ Mandate ပိုင်ရှင်တွင်သာ တာဝန်ရှိနေသည်။**

အကယ်၍ Mandate ကို လွဲမှားစွာ အသုံးချမှုကြောင့် NLD ပါတီသည် ပို၍ ဆိုးရွားသောအခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့သည်ရှိသော် ....'တရားခံဘယ်သူလဲဟေ့'ဟု မေးနေစရာ မလိုတော့ပေ။ ဤသည်တို့မှာ NLD ပါတီအတွက် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်ပေသတည်း။ ။

**ဒေါ်စုကြည်သည် နိုဘယ်ဆုအပါအဝင် ဆုပေါင်း ၈၀ ကျော်ကို ရရှိထားသည်။ ထိုဆုများမှာ ပါတီဝင်များ၏ ချွေးနှင့်သွေးများဖြစ်ကြသည်။ ယခုအခါ ထို'ဆုများ'သည် သူမအတွက် 'ဆူးများ'ဖြစ်ကုန်ကြပြီ။ ဆုပေါင်းများစွာ၏ ချည်နှောင်ထားမှုကိုခံနေရသောကြောင့် သူမသည် ပင့်ကူအိမ်တွင်မိနေသော 'ယင်ကောင်' ဘဝမျိုးရောက်နေသည်။ ရုန်းထွက်ရေးမှာ ခက်လှ၏။ ထို့ကြောင့်ပါတီဝင်ထု၏ 'စု' တစ်ယောက်၊ 'ဆု'ကြောင့် ဒုက္ခရောက်နေသည်။ သူမသည် ကြောက်ရွံ့ခြင်းမှကင်းရေးနှင့် မကြောက်တရား အဟောကောင်းသူဟု နာမည်ကြီးလှသည်။ သို့သော် သူမအကြောက်ဆုံးသောအရာမှာ ဆုရှင်များ၏ တံတွေးကွက်တွင်း ပက်လက်မျောရမည့်ဘဝ။**

# ကမ္ဘာတစ်လွှား အားကစား

## ပရီမီယာလိဂ်ဘောလုံးသမား အပြောင်းအရွှေ့စုံစမ်းစစ်ဆေး

ရေးသားတင်ပြသူ
မြင့်မောင်စိုး

**လန်ဒန် အောက်တိုဘာ ၃**

ပရီမီယာလိဂ်ဘောလုံးသမားများ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး မသမာမှုများဖြစ်ပေါ်ခဲ့၍ ကစားသမား ၃၉ ဦးကို ပစ်မှတ်ထားလျက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့တော်ရဲမင်း ကြီးဟောင်း လော့စတီဗင်က ပြောကြား လိုက်သည်။



**မြို့တော်ရဲမင်းကြီးဟောင်း လော့စတီဗင်။**
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါရဲမင်းကြီးသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ပရီမီယာလိဂ်၌ ပြောင်းရွှေ့ခဲ့သော ဘောလုံးသမား ၃၆၂ဦးကို စုံစမ်းစစ်ဆေး ခဲ့သည်။

ဦးတည်ပစ်မှတ်ထား စုံစမ်းစစ်ဆေးနေသော ကစားသမား ၃၉ဦးတွင် ကလပ်အသင်း ရှစ်သင်းမှဖြစ်ကြောင်း၊ ယင်းတို့ကို နောက်ထပ်စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လော့စတီဗင် စုံစမ်းစစ်ဆေးစဉ်အတွင်း ပရီမီယာလိဂ် အသင်း အဖွဲ့ဝင်ပေါင်း အသင်း ၂၉သင်း ပါဝင်သည်။

ထိုသို့ စုံစမ်းစစ်ဆေးရာတွင် တန်းတက်အသင်းများ ဖြစ်သည့် ဝက်ဖို့ဒ်၊ ရှက်ဖီးနှင့် ရီးဒင်းအသင်းများ မပါဝင် ကြောင်း ပရီမီယာလိဂ် အမှုဆောင်အရာရှိ ရစ်ချတ်စကူ ဒါမိုးက ပြောကြားသည်။

**စုံစမ်းရန်လိုအပ်**

လော့စတီဗင် စုံစမ်းစစ်ဆေးခဲ့သော ကစားသမား ၃၆၂ဦးတွင် ၃၂၃ဦးမှာ အမှုမှကင်းရှင်းပြီး ၃၉ ဦးမှာ ဆက်လက် စုံစမ်းရန် လိုအပ်သည်ဟု ဆိုသည်။

အဆိုပါကစားသမား ၃၉ဦးနှင့် ဆက်နွယ်နေသော ဘောလုံးအသင်း ရှစ်သင်း၏ အမည်များကို ထုတ်ဖော် ပြောကြားခြင်း မရှိပေ။ **(အင်တာနက်)**

## ရိုင်ယန်ဂစ်နှင့် ကောလင်းစ် ယူရိုခြေစစ်ပွဲနှင့် လွဲဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၃**

ရိုင်ယန်ဂစ်နှင့် ဂျိမ်းစ်ကောလင်းစ်တို့သည် အောက်တိုဘာ ၇ ရက်တွင် ဆလိုဗားကီးယားအသင်းနှင့် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာတွင် ဒဏ်ရာများ ရထားကြသဖြင့် ဝေလအသင်းသည် ပါဝင်ကစားနိုင်ဖွယ် မရှိကြောင်း သိရသည်။

ရိုင်ယန်ဂစ်သည် မန်ချက်စတာယူနိုက်တက်အသင်း နှင့် ဆဲလ်တစ်အသင်းတို့ စက်တင်ဘာ ၁၃ ရက်က ချန်ပီယံ လိဂ်ပွဲကစားရာတွင် ဒဏ်ရာရခဲ့၍ ပါဝင်ကစားနိုင်မှုမရှိခဲ့ပေ။



**ဝေလ တိုက်စစ်မှူး ရိုင်ယန်ဂစ်။**
(ဓာတ်ပုံ-အင်တာနက်)

**ရွေးချယ်**

ဝေလအသင်းတွင် ဂစ် မပါခဲ့လျှင် နည်းပြ ဂျွန်တိုရှပ် အနေဖြင့် အသင်းခေါင်းဆောင်တစ်ဦးကို ရွေးချယ်ရ လိမ့်မည် ဖြစ်သည်။

**ဒဏ်ရာရ**

ဝက်စ်ဟမ်းနောက်တန်းလူ ကောလင်းစ်သည် ပါလာမို အသင်းနှင့် ယူအီးအက်ဖ်အေပွဲကစားရာတွင် ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

ဝေလအသင်းသည် အောက်တိုဘာ ၇ရက်တွင် ဆလိုဗားကီးယားအသင်းနှင့် လည်းကောင်း၊ အောက်တိုဘာ ၁၁ရက်တွင် ဆိုက်ပရပ်စ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

## ဂိုးသွင်းနည်း၍ ရှက်ဗ်ချင်ကို ဝေဖန်ခံနေရသော်လည်း မော်ရင်ဟိုနှင့် ဂျွန်တယ်ရီအပြည့်အဝ ထောက်ခံအားပေး



**ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် အောက်တိုဘာ ၃**

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ၎င်း၏ ကစားပုံများနှင့် ပတ်သက်ပြီး မကြာမီက အဝေဖန် ခံရပြီးနောက် နည်းပြမော်ရင်ဟိုနှင့် အသင်းခေါင်းဆောင် ဂျွန်တယ်ရီတို့က ၎င်းအား ယုံကြည်မှုအပြည့်အဝရှိကြောင်း ထောက်ခံအားပေးခဲ့သည်။

**နှစ်ဂိုးသာ**

အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူးရှက်ဗ်ချင်ကိုအား မေလက အေစီမီလန်အသင်းမှ ပေါင်သန်း ၃၀ပေး၍ ချယ်လ်ဆီးက ခေါ်ယူခဲ့သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ချယ်လ်ဆီး အသင်းအတွက် ၁၀ ပွဲကစားခဲ့ရာတွင် နှစ်ဂိုးသာ သွင်းပေး နိုင်သေးသည်။

**ခြေစွမ်းပြ**

၎င်းသည် လွန်ခဲ့သောသီတင်းပတ်က ချန်ပီယံလိဂ်ပွဲ အဖြစ် ဆိုဖီယာအသင်းနှင့် ယှဉ်ပြိုင်ရာတွင် ပထမဆုံးဂိုး အဖြစ် သွင်းယူပေးနိုင်ခဲ့သည်။ လွန်ခဲ့သော အပတ်က အက်စ်တွန်ဗီလာအသင်းနှင့် တစ်ဂိုး-တစ်ဂိုးသရေကျသည့် ပွဲတွင်လည်း ရှက်ဗ်ချင်ကို အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ ကြောင်း ဂျွန်တယ်ရီက ထောက်ခံပြောကြားသည်။

အက်စ်တွန်ဗီလာနှင့် ကစားသည့်ပွဲတွင် ရှက်ဗ်ချင်ကို ရှေ့တန်းတိုက်စစ်၌ကောင်းမွန်စွာကစားပြနိုင်ခဲ့ကြောင်း နည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

## ပရီမီယာလိဂ် လက်ကျန်ပွဲစဉ် (၇) ဝက်ဖို့ဒ်နှင့် ဖူလ်ဟမ်တို့ သရေပွဲဖြစ်

ခုခည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၃

**ပရီမီယာလိဂ် ပွဲစဉ်(၇) လက်ကျန်ပွဲအဖြစ် ဝက်ဖို့ဒ်နှင့် ဖူလ်ဟမ်တို့ အောက်တိုဘာ ၂ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြသည်။**

ယခုနှစ်မှ အတန်းတက်လာသော ဝက်ဖို့ဒ်သည် အိမ်ကွင်း၊ အဝေးကွင်း တစ်ပွဲမျှ နိုင်ပွဲမရသေးသဖြင့် အနိုင်ရရေး ဦးတည်ကစားခဲ့ရာ တိုက်စစ်မှူးများဖြစ်သည့် စမစ်၊ ကင်းနှင့် ဘောရာဇာတို့က ဖူလ်ဟမ်နောက်တန်း ကို ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ကြသဖြင့် ဝက်ဖို့ဒ်တိုက်စစ်မှူးကင်းက ပွဲချိန် ၂၃ မိနစ်၌ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။



**ဝက်ဖို့ဒ်နှင့် ဖူလ်ဟမ်တို့ပွဲတွင် ဝက်ဖို့ဒ်မှ ဖရင်စစ်** (ယာ) **ဟန့်တားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဖူလ်ဟမ်ကို ခြေရည်တူ ကစားနိုင်သော ဝက်ဖို့ဒ်သည်ပွဲချိန် ၄၆မိနစ်၌ ကွင်းလယ်ကစားသမား အက်ရှ်လေယောင်းက တစ်ဂိုးထပ်မံသွင်းယူလိုက်သဖြင့် နှစ်ဂိုးအသာနှင့် ဦးဆောင်ကစား နိုင်ခဲ့သည်။

ဖူလ်ဟမ် တိုက်စစ်မှူးများဖြစ်သည့် ကိုလင်းဂျွန်နှင့် ဟဲလ်ရူဆင်တို့က ဝက်ဖို့ဒ်နောက်တန်းကို ထိုးဖောက်နိုင်သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ကိုလင်းဂျွန်အစား မက်ဘရစ်၊ မိုရက်ဇ်ဗိုဇ် အစား ရက်ဇင်စကီးတို့ အစားထိုးခဲ့ရာမှ ပွဲချိန် ၇၁မိနစ်တွင် မက်ဘရစ်က တစ်ဂိုး၊ ၈၃ မိနစ်တွင် ဟဲလ်ရူဆင်က တစ်ဂိုး ချေပဂိုးများ သွင်းပေးနိုင်ခဲ့သည်။

ဖူလ်ဟမ်တို့ အနိုင်ဂိုးရရှိရေး ဆက်တိုက်ထိုးဖောက်ကစားရာ ပွဲချိန် ၈၇မိနစ်၌ ဝက်ဖို့ဒ် ကွင်းလယ်ကစားသမား ဒါမိန်းဖရန်စစ်က ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ဖူလ်ဟမ်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

သို့သော်လည်း ပွဲချိန် ၈၉မိနစ်၌ ဝက်ဖို့ဒ် ကွင်းလယ်ကစားသမား အက်ရှ်လေယောင်းက ချေပဂိုးသွင်းယူနိုင်ခဲ့ သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဖူလ်ဟမ်သည် ယခုပွဲ သရေပွဲဖြစ်ခဲ့သဖြင့် ခုနစ်ပွဲကစား နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ဂိုးမှတ်ရရှိကာ တန်းစီဇယားအဆင့် ၁၁၌ ရှိနေသည်။ ဝက်ဖို့ဒ်မှာ တန်းစီဇယားအဆင့် ၁၉၌ ရှိနေသည်။ **(အင်တာနက်)**

## ဒါရင်ဘင့်ကို အင်္ဂလန် အသင်းအတွက်ပြန်ခေါ်

**လန်ဒန် အောက်တိုဘာ ၃**

စက်တင်ဘာ ၃၀ရက်က အဲဗာတန်နှင့် မန်စီးတီးတို့ ပွဲတွင် ခြေထောက် ဒဏ်ရာရရှိခဲ့မှုကြောင့် အဲဗာတန် တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင်သည် အင်္ဂလန်အသင်းတွင် ပါဝင်ကစားနိုင်တော့မည်မဟုတ်ရာ သူ့အစား ချာလ်တန်မှ ဒါရင်ဘင့်အား အစားထိုးခေါ်ယူကစားမည်ဟု အင်္ဂလန် အသင်းနည်းပြ မက်ကလာရင်က ပြောကြားသည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၀၈ခြေစစ်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၇ရက်တွင် မက်ဆီဒိုးနီးယားနှင့် လည်းကောင်း၊ အောက်တိုဘာ ၁၁ရက်တွင် ခရိုအေးရှား အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



**ချာလ်တန် တိုက်စစ်မှူး ဒါရင်ဘင့်။**
(ဓာတ်ပုံ-အင်တာနက်)

**ပြောကြား**

ယခင်က ဒါရင်ဘင့်ကို အင်္ဂလန်ယူ ၂၁အောက် အသင်း၌ကစားရန် ခေါ်ယူထားသော်လည်း ယခုအခါ အသင်းကြီးတွင် လိုအပ်နေ၍ ပြန်ခေါ်ခြင်းဖြစ်သည်ဟု မက်ကာလာရင်က ပြောကြားသည်။

အင်ဒရူးဂျွန်ဆင်သည် လက်ရှိအချိန်၌ ပရီမီယာလိဂ် တွင် ခြောက်ဂိုးသွင်းကာ ဂိုးအများဆုံးသွင်းထားသူ ဖြစ် သည်။ အင်ဒရူးဂျွန်ဆင် ခြေထောက် ဒဏ်ရာရရှိမှုသည် အင်္ဂလန်အသင်းအတွက် နစ်နာမှုရှိကြောင်း မက်ကလာ ရင်က ပြောကြားသည်။ **(အင်တာနက်)**

## အက်စတွန်ဗီလာ တိုက်စစ်မှူးမိုရေး ပခုံးဒဏ်ရာရ၍ ကာလအတန်ကြာ နားရမည်

**လန်ဒန် အောက်တိုဘာ ၃**

ချယ်လ်ဆီးနှင့် ကစားခဲ့သော စက်တင်ဘာ ၃၀ ရက်ပွဲတွင် ပခုံးဒဏ်ရာရရှိခဲ့သဖြင့် အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး လူကီမိုရေးသည် ဒဏ်ရာပြင်းထန်သဖြင့် ယခုနှစ် ဘောလုံးရာသီတစ်ခုလုံး လွဲဖွယ်ရှိနေသည်။

ပခုံးဒဏ်ရာကြောင့် မိုရေး ဘောလုံးကစားနိုင်မှုမှာ ယခုနှစ်၌ မသေချာတော့ကြောင်း အက်စတွန်ဗီလာ နည်းပြ မာတင်အိုနေးလ်က ပြောကြားသည်။ မိုရေး၏ဒဏ်ရာသည် ခွဲစိတ်ကုသမှုပြုလုပ်ရန် လိုအပ်လျက်ရှိရာ ကာလအတန်ကြာ အနားယူရဖွယ်ရှိနေသည်။

**အစားထိုးကစား**

အသက် ၂၀ အရွယ်ရှိ မိုရေးသည် အသင်းတွင်အားကိုးနေရသော တိုက်စစ်မှူးဖြစ်ရာ အသင်းအတွက် နစ်နာမှု ဖြစ်ရကြောင်း၊ သို့သော်လည်း ၎င်း၏နေရာတွင် ဆဲလ်တိုက်စစ်မှူးဟောင်း ခရစ်ဆော့တန်နှင့် အစားထိုးကစားစေမည် ဖြစ်ကြောင်း နည်းပြ အိုနေးလ်က ပြောကြားသည်။

အက်စတွန်ဗီလာအသင်းတွင် လောလောဆယ်၌ တိုက်စစ်မှူးအဖြစ် မီလန်ဘားရို့စ်ရှိနေပြီး ပါဘလိုအင်ဂယ်၊ အက်ဘွန်လာဟောတို့ ဒဏ်ရာရနေသဖြင့် ပွဲချိန်ပြည့်အင်တိုက်အားတိုက် ကစားနိုင်ခြင်းမရှိဖြစ်နေသည်။ **(အင်တာနက်)**

# တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲ

**‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’**
**ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊**
**စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်**
**တရားနာရာအကျိုးတည်း။ ။**

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် |
|---|---|
| မွန်ပြည်နယ် မုဒုံမြို့ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ ကောသလ္လ (မုဒုံဆရာတော်) | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့် သောကြာနေ့ (၆-၁၀-၂၀၀၆) |
| အနောက်ဂန့်ဂေါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် စနေနေ့ (၇-၁၀-၂၀၀၆) |
| နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရ (သရက်ဆရာတော်) | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ (၈-၁၀-၂၀၀၆) |
| ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၉-၁၀-၂၀၀၆) |
| တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော)ဆရာတော် | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆) |
| တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆) |
| စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆) |
| ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်) | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃-၁၀-၂၀၀၆) |
| စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D | ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄-၁၀-၂၀၀၆) |

**အထူးတရားပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်**

၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ

**ကျင်းပမည့်နေရာ**

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။

**ကျင်းပမည့်အချိန်**

ညစဉ်( ၇း၀၀ )နာရီ



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ဖခင်ကြီးဦးစွန်တိတ်အားရည်စူး၍ မိခင်ကြီး ဒေါ်သန်းသန်းစိန်နှင့် သားသမီးများ (နိုင်းတူးနိုင်းရတနာဆိုင်) မိသားစု ဒိုင်းမွန်းအင်ပါယာ အရောင်းခန်းမကောင်တာ(C) ဗိုလ်ချုပ်အောင်ဆန်းဈေး ရန်ကုန်မြို့မှ လှူဒါန်းငွေကျပ် တစ်သိန်းအပါအဝင် ဓမ္မမိတ်ဆွေများ လှူဒါန်းငွေကျပ် ၁၈၀၀၀၀ ကို လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ် ဦးမျိုးသန့် ဖုန်း-၂၂၀၂၄၅ နေအိမ်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ) က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

## အင်းလေးဖောင်တော်ဦးဘုရားပုံတူ၊ ရှေးဟောင်းရုပ်ပွားတော်များပူဇော်ပွဲနှင့် ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားပုံတူနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား စံကျောင်းထွက်ပင့်ဆောင်ပူဇော်ပွဲနှင့် ဒုတိယအကြိမ်မြောက် ပဝါရဏာပြုပွဲကို အောက်တိုဘာ ၆ ရက်(၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့) သောကြာနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် ကျောင်းတိုက်အသီးသီးမှ (ရွေးကျင်)သံဃာတော်၁၀၈ပါး သံဃာ့ပဝါရဏာပြုပွဲတွင် ပဝါရဏာသိမ်ဆင်းလောင်းလှူလိုသူများ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်း ကျောင်းတိုက် သာသနာ့နုဂ္ဂဟအကျိုးဆောင်အဖွဲ့ ဖုန်း-၆၃၈၀၈၇၊ ၆၉၉၁၆၃နှင့် ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

**သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီးတွင် သီတင်းကျွတ်မီးထွန်းပွဲတော်၌ ဆီမီးပူဇော်ရန်အတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကို မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် အညာစုလမ်းနေ မိခင် ဒေါ်တင်တင်နိုင်အား အမှူးထား၍ ဦးမောင်မောင်တာ-ဒေါ်မင်းမင်းဦး မိသားစုက လှူဒါန်းရာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပက အလှည့်ကျသဘာပတိ သီဟသုဓမ္မဏိဇောတ ရေ ဦးစိုးသိမ်းနှင့် ဦးလှမင်းတို့က အလှူငွေများလက်ခံစဉ်။** (က-ပ)



**ကျေးဇူးဆပ်ပါမည်**

ဦးမြင့်သန်းပိုင် ယာဉ်အမှတ် ၂ခ/၄၈၀၀ ၏ အခွန်ပုံစံ(၁) အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားရန်။

ဖုန်း-၀၉ ၅၁၀ ၈၆၉၅။

KMD Computer Centre
International Diploma in Computer Studies (IDCS)
Commencing Date
9 October, 2006 (Mon - Fri)
1:30 to 5:30
ICT



**နဂါးရွှေပါ ရတနာရွှေဆိုင်**

◇ ◇ ◇ ◇ ◇ ◇ ◇ ◇ ◇

# မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြော



မန္တလေး အောက်တိုဘာ ၁

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ၂၆ရက် နံနက်၉နာရီက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၃၃ မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အသင်းဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** မန္တလေးဆေးတက္ကသိုလ် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာမျိုးဦးက နှလုံးကျန်းမာရေးအကြောင်းကို လှုပ်ရှားရုပ်ပုံများဖြင့် ဟောပြောပို့ချ၍ မန္တလေး စိတ်ကျန်းမာရေးဆေးရုံ အထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ချို့နွယ်ဇင်က စိတ်ဖိစီးမှုနှင့် နှလုံးကျန်းမာရေး ဆက်နွယ်ပုံနှင့် စိတ်ကျန်းမာရေးအကြောင်းကိုရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**(သီတင်းကျွတ်လဆန်း ၁၄ ရက်)**
**၅-၁၀-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၀၇း၀၀ | အဖိတ်နေ့နှိုးဆော်ချက် တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ) |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၀း၀၀ | **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)** **(၁) အမတမျိုးစေ့ (စန္ဒရားခွန်တင်ကြွယ်)** **အဆင့်မြင့် ပညာရှင်အဆင့် (အမျိုးသမီး) အဆိုပြိုင်ပွဲဝင် လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)** **(၂) မေတ္တာဟူသည် (ထား)** **(၃) ယောကျ်ားဆုပန် (လေဘာတီမြရင်)** |
| ၁၁း၁၅ | စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြေဆီလွှာထိန်းသိမ်းရေး အကြောင်း) |
| ၁၁း၃၅ | စာအုပ်စာပေလူ့မိတ်ဆွေ (၁) စိတ်အားဖြည့်မမွှေးကြိုက်န (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ) (၂) ပရမတ္တအလင်းပြသံပေါက် အဖြေကျမ်း (ဦးသောင်းလွင်-ကလျာဆေးတိုက်) |
| ၁၂း၀၀ | သိပ္ပံပညာသိကောင်းစရာ (နပျိုခြင်းနှင့် အိုမင်းခြင်း) (မောင်ဆုရှင်) |
| ၁၂း၃၀ | အစာနှင့် အာဟာရ (ဝါကျွတ်ပွဲတော်အတွက် ရွှေချီနှင့် အာလူးဆနွင်းမကင်း) |

**ညနေပိုင်း**

| | |
|---|---|
| ၁၆း၀၀ | တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော မဟာနာမသုတ္တန်တရားတော်) |
| ၁၆း၃၀ | နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ |
| ၁၇း၀၀ | တပ်မတော်စာတိုက် |
| ၁၇း၁၅ | သုတကမ္ဘာ အစီအစဉ် |
| ၁၈း၂၅ | သံစဉ်တေးသွား မေတ္တာစကား (၁) မောင်ရောက်လာမယ့်အချိန် (နီနီ) (၂) ချစ်သူ့ညဥ့်နက် အိမ်ပြန်ခက် (ကိုတင်အောင်သန်း) |
| ၁၈း၄၅ | အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) (ဗုဒ္ဓဝင်အကြောင်း) |
| ၁၉း၁၅ | ဇာတ်သဘင်အဖွဲ့ ဖျော်ဖြေခန်း (ဝဏ္ဏကျော်ထင် စိန်အောင်မင်း ဇာတ်သဘင်အဖွဲ့မှ ခန္ဓာပူရဇာတ်) |
| ၂၀း၃၀ | ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မြင့်မိုရ်ပွဲအမီ (မြမြသက်) (၂) အသက်ရှူတိုင်း သတိရနေတယ် (မြသောင်းထွတ်) (၃) အချိန်နဲ့နေရာဆိုတာ (တက္ကသိုလ်လဲ့လဲ့) |
| - | အဖိတ်နေ့နှိုးဆော်ချက် |



**ပလက်ဖောင်းစစ်ဆေး**

**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သောပင်လုံလမ်း ပလက်ဖောင်း အခြေအနေကို စက်တင်ဘာ၁၀ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။**

(ပြည်နယ် စည်ပင်)

# မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာပညာပေး ဆရာဖြစ်သင်တန်း သနပ်ပင်တွင် ဖွင့်လှစ်

သနပ်ပင် စက်တင်ဘာ ၂၅

**သနပ်ပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူများအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၆ရက်က သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကား**

ရေးဦးစွာ ပဲခူးခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နန်းတင့်က အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့**

ဆက်လက်၍ သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ရွာသစ်ပိုင်း ထောင်မင်းစုရပ်မှ သုံးမြွှာပူးမွေးဖွားသည့် မိခင် ဒေါ်သန်းသန်းမြင့်အား ပဲခူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နန်းတင့်က အားပေးစကားပြောကြားကာ စောင်၊ နို့မှုန့်၊ အနှီးပိတ်နှင့် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

## မြို့နယ်သတင်းများ

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လမ်းလယ်စည်းရေးဆွဲဆောင်ရွက်မှုကိုစက်တင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်း ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



**ခရိုင်ချင်းဆက်လမ်း အမှတ်(၁) သာယာဝတီမြို့နယ် အပိုင်းရှိ မရမ်းအင်း တံတားတည်ဆောက်နေမှုကို အောက်တိုဘာ၂ရက်ကအငယ်တန်းအင်ဂျင်နီယာ (၂)ဦးကျော်လွင်ဦး နှင့် အမှုဆောင်အရာရှိဦးဖေအောင်သူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



# မိတ္ထီလာမြို့နယ်ကြက်ခြေနီနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်သူများဆုချီးမြှင့်

မိတ္ထီလာ စက်တင်ဘာ ၁၂

**မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြက်ခြေနီနှင့် ဖွံ့ဖြိုးရေးအသင်း (၂၀၀၆) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြက်ခြေနီနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်မိတ္ထီလာခရိုင်နယ်မြေတာဝန်ခံ ဦးကိုကိုထွေးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင်ခြောက်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦး **(ယာပုံ)**၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၂ဦးတို့အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။



ထို့နောက် မြို့နယ်ပြည်ထောင်စုကြက်ခြေနီနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ထူးချွန်သူများဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ဆုများချီးမြှင့်ပြီး ပြည်ထောင်စုကြက်ခြေနီနှင့် ဖွံ့ဖြိုးရေးအသင်း (၂၀၀၆) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ကြိုဆိုထောက်ခံသည့်အနေဖြင့် အလှူရှင်၁၇ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၆၅၅၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ဒီမော့ဆိုးမြို့၌ ပျိုးပင်များပျိုးထောင်

**ဒီမော့ဆိုး စက်တင်ဘာ ၁၀**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဒီမော့ဆိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးပင်များ ပျိုးထောင်နေမှုကို ဩဂုတ်၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဒေးဖဲ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

**(နယ်စပ်/စည်ပင်)**

## ဗန်းမော်၌ ကာယနှင့်ဆံကေသာအလှမယ်ပြိုင်

**ဗန်းမော် စက်တင်ဘာ ၂၅**

ကသာခရိုင် ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကာယအလှမယ်၊ ဝတ်စားဆင်ယင်မှုအလှမယ်၊ ဆံကေသာအလှမယ်ပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၇ရက် ညနေ၆နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(၂၀၀၆)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၌ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ဒုတိယဆုရ မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၆၈)

## မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်အထက(၁)ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျောင်းဝင်းအတွင်းရှိ အသင်းရုံးခန်းတွင် ကျင်းပသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ကျောင်းသားဟောင်းများ၏ (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ၁၄ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် အထက(၁) မြတ်ခရေ ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့်အလှူငွေများ၊လှူဖွယ်ပစ္စည်းများ ပေးပို့ လိုပါက ဦးချိုအေး၊ ဦးအေးကို ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးစိန်ဝင်း၊ ဦးဝင်းဖေ အထက(၁) ဖုန်း-၆၉၉၃၈၉၊ ဦးစိုးသန်း ဖုန်း-၅၉၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း-၀၉-၅၁၀-၃၀၀၈၊ ဦးဆုတင် ဖုန်း-၃၈၀၄၉၉၊ ၀၉-၅၀၀-၉၉၀၁ နှင့် ဦးအောင်ကြည်မြင့် ဖုန်း-၆၉၉၁၂၃၊ ၂၅၆၃၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

**ဆက်ကျင်းပမည်**

ဒုတိယအကြိမ် အစည်းအဝေးကို လာမည့် အောက်တိုဘာ ၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင်ကျောင်းသားဟောင်းများအသင်းရုံးခန်း၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**(မြန်မာ့အလင်း)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဖခင်ကြီး ဦးကေလာသ၊ ညီ ဦးစန္ဒိမာ၊ ကွယ်လွန်သူမိခင်ကြီး ဒေါ်စိန်ထွေးအားရည်စူး၍ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမကြီး ပုဇွန်တောင် မြို့နယ် တိုက် ၃၁၊ အခန်း ၈ နေ သား မောင်ဇော်မင်း(ခ) မောင်ကြည်ဦး၊ သမီး မကြည်ကြည်မာ၊ မြေး စည်သူကျော်ထင် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ရှေ့မှောက်တော်၌ တာဝန်ခံ ကိုမျိုး(ဗုဒ္ဓဂယာ)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် စက်တင်ဘာ ၂၃ရက်က ပန်းတောင်း-နတ်မောက်လမ်းပေါ်ရှိ အမှတ်(၁) ဘောလီတံတား ပေ ၃၀ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## ရေဦး၌ ရာသက်ပန် ဆေးပဒေသာပင်လှူဒါန်း

**ရေဦး စက်တင်ဘာ ၂၅**

ရေဦးမြို့နယ် ခုတင် ၅၀ ဆေးရုံကြီးနှင့် တမာကောတိုက်နယ်ဆေးရုံအတွက် ဒုတိယအကြိမ် ရာသက်ပန်ဆေးပဒေသာပင် ငွေလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်တွင် ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင်ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက ရာသက်ပန်ဆေးပဒေသာပင်ငွေလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ကုသိုလ်ရှင်များက ရာသက်ပန်ဆေးပဒေသာပင် ငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ရေဦးမြို့ ခုတင် ၅၀ ဆေးရုံအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၁ သိန်းကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက တမာကောတိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်ငွေကျပ် သုံးသိန်းတို့ကို လည်းကောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ညွှန့်သန်းထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ **(၃၇၈)**

**ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လဟာပြင်ဈေးတွင် သားငါးများ ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းနှင့် အချိန်အတွယ်များမှန်ကန်မှု ရှိစေရေးအတွက် ဩဂုတ်၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



**ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးအတွင်းအပြင် သန့်ရှင်းခြင်းကို စက်တင်ဘာ ၂၂ရက်က ဒုတိယဦးစီးမှူး ဦးချစ်ငွေနှင့် အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်ဇော် ကြီးကြပ်ဆောင်ရွက်စဉ်။** (ခရိုင်ပြန်/ဆက်)



## ကလောအထက (၁) ပညာရည်ချွန်ဆုချီးမြှင့်

**ကလော စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့်မြို့နယ်ပညာရေးမှူး ဦးသန့်ဇင် တို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုအခြေအနေနှင့် ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်**

ဆက်လက်၍ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ ကျောင်းသူ မသက်ဝေဦးနှင့် ဂုဏ်ထူးရ ကျောင်းသူကျောင်းသား စုစုပေါင်း ၁၆ ဦးတို့အား တာဝန်ရှိသူများက ပညာရည်ချွန် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(၄၀၈)**

## ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃**

မြတ်ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရန် ဝိနည်းပိဋကတ်တော်ဝင်ကျမ်းစာအုပ်များ ပြုလုပ်ပြီးစီးတော့မည်ဖြစ်ရာ ဝိနည်းပိဋက နောက်ဆုံး ပဉ္စမကျမ်းစာအုပ် ပရိဝါရပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံ လှူဒါန်းကြသော ဗဟန်းမြို့နယ်ကြားတောရရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရွှေကျင်တိုက်ကြီး မင်္ဂလာတိုက်ကျောင်းနေ မိဘနှစ်ပါးရည်စူး၍ ဒေါ်မငွေသာ(ဆရာတော်အမ)ကောင်းမှု၊ Myanmar Acadamy of English (M.A.E) ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးထွန်းရီ-ဒေါ်လှမြင့် မိသားစု၊ ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ကန်သာယာလမ်းနေ ဘိုးဘွားမိဘများအားရည်စူး၍ သမီး ဒေါ်သိန်းသိန်းမြင့်၊ ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် မင်းရဲကျော်စွာ (၂)လမ်းနေ ဦးကျော်ကိုဆန်း-ဒေါ်ဟန်ယဉ်ယဉ်၊ သားမောင်မျိုးမြင့်အောင်၊ သမီး မမာမာဝင်း မိသားစု၊ သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏမြို့ ၂၄ ရပ်ကွက် ဘော်ဇင်လမ်းသွယ် ၁ နေ နှစ်ဖက်သောမိဘဆွေမျိုးများအားရည်စူး၍ ဦးအောင်ဝင်း-ဒေါ်ခင်အေးသူမိသားစု၊ လသာမြို့နယ် (၁၈)လမ်း တိုက်(၇၇/၈၉)နေ နှစ်ဖက်မိဘ ဆွေမျိုးများအား အမှူးထား၍ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ကြည် (မြန်မာ့ပုလဲ) မိသားစု၊ အလုံမြို့နယ် ရေဝတီလမ်းနေ ဦးဘဝင်းအား ရည်စူး၍ ဒေါ်ယဉ်စိန်မိသားစု၊ စစ်တွေမြို့ မောလိပ်ရပ်ကွက် ရေတွင်းလမ်းနေ ဦးထွန်းအောင်ကျော်၊ ဒေါ်မခိုင်၊ သမီး ဒေါ်ကျော့ခိုင်တို့အား ရည်စူး၍ မောင်နှမ တစ်စု၊ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်လမ်း အမှတ် ၅၁ နေ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးအောင်ကျော်စိန်-ဒေါ်အေးနုမိသားစု၊ ဗဟန်းမြို့နယ် ဗိုလ်ချို ၂ ရပ်ကွက် နတ်မောက်လမ်း ၁ နေ ဒေါက်တာ ဒေါ်စောမြရီ မိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြပြီး နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဦးအောင်ကျော်ခဲ (ကုန်သွယ်/ဆေး)အား ရည်စူး၍ ဇနီး ဒေါက်တာ ဒေါ်လှလှမြင့် (ကလေးအထူးကုဆရာဝန်ကြီး)၊သမီးမလှသီရိခဲ မိသားစုက ပရိဝါရပါဠိတော်စာအုပ်ကြေးသေတ္တာ တစ်လုံး တန်ဖိုးငွေကျပ် ၁၀၀၀၀၀ လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင်အလှူငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## လယ်ယာလုပ်ငန်းခွင်၌ ကျွဲနွားများ ကျန်းမာသန်စွမ်းရန် ဘုတလင်၌ ကာကွယ်ဆေးထိုး၊ ပညာပေးဟောပြော

**ဘုတလင် စက်တင်ဘာ ၁၂**

ကျေးလက်ဒေသရှိ လယ်ယာလုပ်ငန်းခွင်တွင် ကျွဲနွားများ ကျန်းမာသန်စွမ်း၍ ရောဂါကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးထိုးခြင်း၊ ပညာပေးဟောပြောခြင်းများကို ဩဂုတ် ၂၅ရက်က ဘုတလင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စီမံချက်ရေးဆွဲ၍ ကွင်းဆင်းဆောင်ရွက်ကြသည်။

**ပညာပေးဟောပြော**

မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးနှင့် ဝန်ထမ်းများသည် ဇီးတောကျေးရွာအုပ်စုသို့ ကွင်းဆင်းလျက် ကျွဲနွားကောင်ရေ ၃၇၈ ကောင်ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီး ကျန်ကျေးရွာများသို့လည်း လိုအပ်သောကာကွယ်ဆေးထိုးခြင်း၊ ကုသခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ရှမ်းပြည်နယ်(မြောက်ပိုင်း)မှအမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံတက်ရောက်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန်  အောက်တိုဘာ  ၃**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

**ပို့ဆောင်**

အဆိုပါ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုကြပြီး ညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

**(သတင်းစဉ်)**

## အမျိုးသားညီလာခံကိုယ်စားလှယ်များရောက်ရှိ

**အမျိုးသားညီလာခံသို့တက်ရောက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)



## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန်  အောက်တိုဘာ  ၃

**အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက် အမြင့်ပေ ၂၀ ဒသမ ၃ ပေခန့်မှ ၂၁ ဒသမ ၅ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ ဒေသအသီးသီးတွင် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေပြီဖြစ်သဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်စရာ အကြောင်းမရှိ ပြည်တွင်းရေးစွက်ဖက်ခြင်းဖြစ်၍ ရှုတ်ချကန့်ကွက်

**နေပြည်တော်  အောက်တိုဘာ  ၃**

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (“KNDP”)နဂါးအဖွဲ့က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၃၀ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ KNDP နဂါးအဖွဲ့မှ ကြေညာချက်**

**ရက်စွဲ၊ ၃၀–၉–၂၀၀၆**

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာနိုင်ငံအရေးသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လျက်ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဆွေးနွေးရန် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ကျွန်ုပ်တို့ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(နဂါး)အဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ကယားပြည်နယ် ငြိမ်းချမ်းသာယာတိုးတက်ရေးကို ဆောင်ရွက်လျက် ဒေသဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူထုအတွင်း တည်ငြိမ်အေးချမ်းလာခြင်း၊ လူငယ်များ ပညာရေးတိုးတက်လာခြင်း စသည့် ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားနေရပြီဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံဒေသအသီးသီးတွင်လည်း တည်ငြိမ်အေးချမ်းလျက်ရှိပြီး ကျွန်ုပ်တို့ပြည်နယ်နည်းတူ အထိုက်အလျောက်ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေပြီဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်စရာ အကြောင်းမရှိချေ။

၄။ ထို့အပြင် ယခုအချိန်တွင် လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အမျိုးသားညီလာခံကိုကျင်းပလျက်ရှိရာ မကြာမီကာလအတွင်း ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအပေါ် အသုံးချကာ ကျွန်ုပ်တို့နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းသက်သက်ဖြစ်ပါသဖြင့် ထိုလုပ်ရပ်ကို ရှုတ်ချကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒုဥက္ကဋ္ဌ**
**ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ**

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အောက်တိုဘာ ၃ရက်၌ မိုးရွာသွန်းလေသမျှ

| | |
|---|---|
| ထားဝယ် | ၃ ဒသမ ၈၆ လက်မ |
| ဘားအံ | ၃ ဒသမ ၃၈ လက်မ |
| ရန်ကုန်(မြို့လယ်) | ၃ ဒသမ ၃၄ လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၂ ဒသမ ၇၅ လက်မ |
| ကြို့ပင်ကောက် | ၂ ဒသမ ၆၄ လက်မ |
| ပဲခူး | ၂ ဒသမ ၅၅ လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၂ ဒသမ ၂၄ လက်မ |
| မှော်ဘီ | ၂ ဒသမ ၂၀ လက်မ |
| သထုံ | ၁ ဒသမ ၇၃ လက်မ |